ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၇)ရက် ၊ စနေနေ့ ၊ (24-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၆၉)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **လှုပဝေစည် တို့တိုင်းပြည်တွက် ကိုယ်စီဆန္ဒ မဲပေးကြ။**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာကြမည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရန်ကုန်မြို့သို့ ရောက်ရှိ

ဧနှစ်ဝါရီ ၂၅ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာကြမည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

ရန်ကုန် ဧနှစ်ဝါရီ ၂၃

ဧနှစ်ဝါရီ ၂၅ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာကြမည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ဧနှစ်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရုစ်ပါတီမှ Ms. Vohila N.Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧနှစ်ဝါရီ ၂၁ ရက် ညပိုင်းတွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Ms.Yusti Erina ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

စာမျက်နှာ - ၁၇

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို ပထမအကြိမ် ပြန်လည်ခေါ်ဆောင်

စာမျက်နှာ - ၂၄

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

စာမျက်နှာ - ၁၉

Quality For You VEGA ဗီဂျာ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၀၊ ၀၉-၄၀၂၆၃၃၉၆၈၉၊ ၀၉-၇၉၈၅၅၂၆၂၄၉

ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်
အယ်ဒီတာ့အာဘော်

တိပိဋကဝေယျာဝစ္စကိစ္စ ဦးစီးဌာန ပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ကော်မတီ ဖွဲ့စည်း

ကိုယ်တိုင်ကိုယ်စား ဦးဇင်းသုဓမ္မ

တိပိဋကဝေယျာဝစ္စကိစ္စ ဦးစီးဌာန ပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ကော်မတီ ဖွဲ့စည်းခြင်းကို ကိုယ်တိုင်ကိုယ်စား ဦးဇင်းသုဓမ္မ (ဗဟိုပညာရေးမှူး) ၏ ဦးဆောင်ခြင်းဖြင့် ကော်မတီ ဥက္ကဋ္ဌ ဦးဇင်းသုဓမ္မ (ဗဟိုပညာရေးမှူး)၊ ဒုတိယဥက္ကဋ္ဌ ဦးဇင်းဥတ္တမ (ဗဟိုပုဂ္ဂိုလ်ရေးမှူး)၊ ဒုတိယဥက္ကဋ္ဌ ဦးဇင်းဓမ္မာဘိသိရိ (ဗဟိုပြန်ကြားရေးမှူး)၊ ဒုတိယဥက္ကဋ္ဌ ဦးဇင်းဝိသုဒ္ဓ (ဗဟိုပုဂ္ဂိုလ်ရေးဌာန)၊ ဒုတိယဥက္ကဋ္ဌ ဦးဇင်းဥတ္တရ (ဗဟိုပုဂ္ဂိုလ်ရေးဌာန)၊ ဒုတိယဥက္ကဋ္ဌ ဦးဇင်းဓမ္မာဘိသိရိ (ဗဟိုပြန်ကြားရေးဌာန

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သပိတ်ကျင်းမြို့တွင် ပြန်လည်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများကို ပို့ဆောင်နှုတ်ဆက်

မန္တလေး ဇန်နဝါရီ ၂၃

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုကို လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက မန္တလေးမြို့မှ သပိတ်ကျင်းမြို့သို့ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများကို နွေးထွေးစွာ တွေ့ဆုံအားပေးကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားခဲ့သည့် ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်း ပြန်လည် သွားလာနိုင်မည်ဖြစ်ပြီး ဒေသတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ပုံမှန်အတိုင်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

မျိုးကျော်

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်း ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၀၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ၃၁၀၅၇ ဧကလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၃၁၀၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးရေးဆောင်ရွက်ပေးနေပါတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေး ဆွေးနွေးတာတွေ လုပ်နေပါတယ်။ ဂျုံသီးနှံအထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံများအားလုံး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀ဖ)

စဉ်ကိုင်မြို့နယ် လက်ဝဲကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

စဉ်ကိုင် ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ဝဲကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း (RBF)စီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လက်ဝဲကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် မျိုးမှန်အဖွဲ့၊ အားမှန်အဖွဲ့၊ ပွင့်သစ်အဖွဲ့နှင့် အောင်ပြည့်ဖြိုးအဖွဲ့ လေးဖွဲ့မှ နို့စားနွား မွေးမြူရေးလုပ်ငန်းသတ်မှတ်အကောင်ရေပြည့်မီခြင်း ရှိ/မရှိနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ RBF စီမံကိန်းခွင့်ပြုငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငွေတိုးစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငွေတိုးစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ငွေတိုးစပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငွေတိုးစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငွေတိုးစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ငွေတိုးစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ငွေတိုးစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်တာတွေရှိပါတယ်။ အဲဒီဘက်ကနေထွက်ရှိတဲ့ ငွေတိုးစပါးတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေဆီကိုပါ ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငွေတိုးစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ငွေတိုးစပါးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင့်ဂျင်လိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ဒေါက်တာလပြည့်ခင်

ဆေးဖက်ဝင် သြဇာသီး

သြဇာသီး(Custard Apple/ Sugar Apple)

သြဇာသီးသည် ရာသီအလိုက်ပေါ်သော သစ်သီးဝလံမျိုးဖြစ်ပြီး ချိုအေးပြီးအရသာရှိကာ လူများက နှစ်ခြိုက်စွာစားသုံးကြသည်။ သြဇာပင်သည် Annonaceae မျိုးရင်းဌာပါဝင်ပြီး ၄င်း၏ရုက္ခဗေဒ အမည်မှာ Annona squamosal ဖြစ်သည်။ သြဇာပင်၏ အရွက်၊ အသီး၊ အစေ့၊ အမြစ်နှင့် အခေါက်အားလုံးသည် ဆေးဖက်ဝင်သည်။

သြဇာပင်၏ မူလပေါက်ရောက်ခဲ့သောဒေသသည် အမေရိကတိုက်အလယ်ပိုင်းဖြစ်ပြီး ကမ္ဘာ့အပူပိုင်းဒေသများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သို့ မျိုးပြန့်ပြီး ပေါက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသို့လည်း မျိုးပြန့်ရောက်ရှိလာပြီး မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် မိုးရေချိန် လက်မ ၆၀ မှ ၇၀ အတွင်းရှိ၍ ရေဆင်းကောင်းပြီး သဲဆန်သောဂဝံကျောက်မြေမျိုးတွင် ပေ ၃၀၀၀ ထိမြင့်သော ဒေသများထိ ပေါက်ရောက်ဖြစ်ထွန်းသည်။

မြန်မာ့ဆေးကျမ်းပါသြဇာသီးအကျိုး

မြန်မာ့ဆေးကျမ်းများတွင် သြဇာသီးမှည့်သည်အေး၏။ ချို၏။ ဆိမ့်၏။ အဆီအစေးရှိ၏။ သလိပ်ကိုပွားစေတတ်၏။ သွေးအားကိုတိုးပွားစေသည်။ နှလုံးကိုအကျိုးပြု၏။ ပူလောင်ခြင်း၊ လေပူရောဂါနှင့် သွေးအန်ရောဂါများအတွက် ပယ်ဖျောက်နိုင်၏။ သြဇာသီးစိမ်းသည် ချုပ်သောသတ္တိရှိသဖြင့် ဝမ်းသွားခြင်း၊ ဝမ်းသက်ခြင်းများအတွက် ကောင်း၏။ ဝမ်းကိုက်ရောဂါ၊ လေနာရောဂါနှင့် အစာအိမ်မကောင်းခြင်းတို့ကိုလည်း ပျောက်ကင်းစေသည်။

သြဇာရွက်သည် သန်နှင့် တုတ်ကောင်ကြီးများ ကျစေသည်။ အရွက်ကို ကြိတ်၍အုံကပ်ပေးပါက အကြောဝုပ်ခြင်းနှင့် တက်ခြင်းများပျောက်၏။ သြဇာရွက်ကို ချေ၍ရှူပေးသော် အမူးအမော်နှင့် ထိပ်ကပ်နာပျောက်၏။ သြဇာစေ့ကို အမှုန့်ပြုလုပ်၍ အနာများကို ဖြူးပေးပါက ပိုးများကို ပျောက်ကင်းစေသည်။ သြဇာမြစ်ကို သွေး၍သောက်ပါက ဆီးချုပ်ရောဂါပျောက်ကင်း၏။ သြဇာခေါက်ကို အားဆေးဖော်စပ်ရာတွင် အသုံးပြု၏ဟု မြန်မာဆေးကျမ်းများတွင် ဖော်ပြထားကြသည်။

သြဇာသီးတွင်ပါဝင်သောအာဟာရဓာတ်များ

သြဇာသီးသည် အရသာကောင်းမွန်သကဲ့သို့ ကျန်းမာရေးကို အထောက်အကူပြုသည့်သစ်သီးတစ်မျိုးလည်းဖြစ်သည်။ သြဇာသီးတွင် စွမ်းအင်၊ ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ အဆီဓာတ် (Fatty Acid)၊ ဗီတာမင် C ၊ ဗီတာမင် B6 (Pyridoxine)၊ ဗီတာမင် B3 (Niacin)၊ ဗီတာမင် B2 (Riboflavin): B B1 (Thimine): B Ai u (Folic Acid): 5 (K) ကယ်လ်စီယမ် (Ca)၊ မဂ္ဂနီစီယမ် (Mg)၊ ဆိုဒီယမ် (Na)၊သံဓာတ် (Fe)၊ ဖော့စဖရတ် (P)၊ သွပ်ဓာတ် (Zn)၊ အမိုင်နိုအက်စစ် (Tryptophan) နှင့် Essential Amino Acid များဖြစ်သည့် Methionine နှင့် Lysine တို့ပါဝင်သည့်အပြင် ဓာတ်တိုးဆန့်ကျင်အာနိသင်များ (Antioxidant) ပါဝင်နေပြီး အရေပြား၊ ဆံပင်၊ မျက်လုံး၊ ဦးနှောက်နှင့်နှလုံးတို့ကို အထောက်အကူပြုသည်။ သြဇာသီးတွင်ပါဝင်သည့် ကျန်းမာရေးကောင်းကျိုးများစွာကို ဆက်လက်ဖော်ပြလိုသည်။

အစာခြေစနစ်ကိုအားကောင်းစေခြင်း

သြဇာသီးတွင် ကော့ပါး(Copper)နှင့် အမျှင် (Fiber) ဓာတ်များပါဝင်သောကြောင့် အစာကြေကာအူလမ်းကြောင်းရှင်းလင်းရန် ကူညီပေးနိုင်သည်။ သြဇာသီးသည် အစာခြေစနစ်ကိုအားပေးသောအစာဖြစ်သောကြောင့် ဝမ်းချုပ်တတ်သူများ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ပြဿနာရှိသူများအနေဖြင့် ပုံမှန်စားပေးသင့်သည်။

သြဇာသီး ၁၀၀ ဂရမ်တွင် စွမ်းအင် ၉၀ ရာခိုင်နှုန်းပါဝင်သည့် စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သောကြောင့် ခွန်အားပြည့်ဝစေသည့် အစားအစာများမှ တစ်မျိုးအဖြစ် သတ်မှတ်ခံထားရပြီး အထူးသဖြင့် ကြွက်သားများကို အားကောင်းစေသည်။ သြဇာသီးသည် Morning Sickness ဝေဒနာခံစားနေရသူများအတွက် ဖြေဆေးဟုတင်စားခံရသည်။

ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေပြီး ကိုယ်အလေးချိန်တိုးစေခြင်း

သြဇာသီးတွင် ဗီတာမင် C ကြွယ်ဝစွာ ပါဝင်သောကြောင့် ကိုယ်တွင်းကိုယ်ခံအားစနစ်ကောင်းမွန်စေရန် အထောက်အကူပြုပြီး ကူးစက်ရောဂါများကို ကာကွယ်နိုင်သည့်အပြင် ကယ်လိုရီပမာဏများ

စွာပါဝင်သောကြောင့် ကိုယ်အလေးချိန်တိုးမြင့်လိုသူများ၊ ပိန်နေသူများအနေဖြင့် သြဇာသီးနေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး ကျန်းမာဝဖြိုးအလှတိုးစေနိုင်သည်။

သွေးအားနည်းခြင်းကို သက်သာစေခြင်း

သြဇာသီးတွင် ပါဝင်မှုများသည့် ဗီတာမင် B6 နှင့်သံဓာတ်သည် သွေးနီဥဆဲလ်များဖြစ်ပေါ်စေရန် ထောက်ကူပေးသကဲ့သို့ သွေးတွင်းအောက်ဆီဂျင်ပမာဏကို လုံလောက်စွာရရှိစေပြီး သွေးအားနည်းခြင်းအပါအဝင် သွေးနှင့်သက်ဆိုင်သည့်ရောဂါများကို တိုက်ဖျက်နိုင်သည်။ သြဇာသီးစားခြင်းဖြင့် သွေးနှင့်သက်ဆိုင်သောရောဂါများမဖြစ်ပွားအောင် ကာကွယ်နိုင်သည့်အပြင် ဗီတာမင် B6 သည် အော့အန်ခြင်းနှင့် ဂေါက်ရောဂါများကိုလည်း ကာကွယ်ပေးသည်။ အမျိုးသမီးများဓမ္မတာလာချိန်တွင် စားသုံးရန်သင့်လျော်သည်။

ကင်ဆာကိုတိုက်ဖျက်နိုင်စွမ်းရှိခြင်း

သြဇာသီးတွင် Flavonoid (ဖလေဗာန္ဓိုက်) ပါဝင်သောကြောင့် ကင်ဆာကျိတ်များနှင့် ကင်ဆာမဖြစ်စေရန် ကာကွယ်ပေးသည်။ အထူးသဖြင့် Acetogenin နှင့် Alkaloids ကင်ဆာကို တွန်းလှန်နိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ သဘာဝဒြပ်ပေါင်းများပါဝင်သောကြောင့် ကျောက်ကပ်ထိခိုက်ခြင်းနှင့် ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ ထို့ကြောင့် ကင်ဆာဖြစ်စေနိုင်သောဆဲလ်များကို တိုက်ဖျက်ပေးနိုင်သောအာနိသင်ရှိပြီး ကျန်းမာသည့် ဆဲလ်များကို ထိခိုက်မှုမဖြစ်စေရန် ထောက်ကူပေးနိုင်သည့် သြဇာသီးကို စားသုံးပေးသင့်သည်။

ဦးနှောက်ကိုကျန်းမာစေခြင်း

သြဇာသီးတွင်ပါဝင်သည့် ဗီတာမင် B Complex သည် ဦးနှောက်ကိုဖွံ့ဖြိုးစေသည့် GABA နျူရွန်ဓာတ်ပစ္စည်းများနှင့် အာရုံကြောဆဲလ်များတွင်းမှ Chemical Levels ကို လိုအပ်သလို ထိန်းညှိပေးနိုင်သောကြောင့် စိတ်ဖိစီးမှုများ၊ ဖိအားများနှင့် စိတ်ဓာတ်ကျမှုများကို လျော့ပါးစေနိုင်ပြီး စိတ်ခံစားမှုကောင်းမွန်စေကာ စိတ်ကျန်းမာစေရန် ထောက်ကူပေးနိုင်သည်။ ပါကင်ဆန်ရောဂါမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။။ ၁၀၀ ဂရမ်အလေးချိန်ရှိသည့် သြဇာသီးတစ်လုံးတွင် ဗီတာမင် B6 သုည ဒသမ ၆ ဂရမ် ပါဝင်နေပြီး လူတစ်ယောက်နေ့စဉ်လိုအပ်သည့် ပမာဏ၏ ၂၀ ရာခိုင်နှုန်းဖြည့်ဆည်းပေးသည်။

သွားများကိုခိုင်မာစေပြီး အမြင်အာရုံကို ကြည်လင်စေခြင်း

သြဇာသီးသည် သွားနှင့်သွားဖုံးနာကျင်မှုများကို လျော့ကျစေနိုင်သည်။ သြဇာသီးသည် ဗီတာမင် C နှင့် Riboflavin ကဲ့သို့ မျက်လုံးကျန်းမာရေးအတွက် အထောက်အကူပြုပေးနိုင်သည့် အာဟာရဓာတ်များပါဝင်နေသောကြောင့် အမြင်အာရုံကို ကောင်းမွန်စေပြီး မျက်လုံးကျန်းမာစေရန် ထောက်ကူပေးနိုင်သည့်အပြင် ဓာတ်တိုးပစ္စည်းများကြောင့် မျက်လုံးဆဲလ်များ ထိခိုက်မှုမဖြစ်စေရန် ကာကွယ်ပေးသည်။ အသက်အရွယ်ကြောင့် အမြင်အာရုံထိခိုက်ခြင်း၊ အမြင်အာရုံအားနည်းခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးသောကြောင့် အမြင်ဝေဝါးနေသူများအနေဖြင့် သြဇာသီးစားပေးသင့်ပါသည်။

အဆစ်အမျက်ရောင်ခြင်းနှင့် သွေးတိုးခြင်းကို သက်သာစေခြင်း

သြဇာသီးတွင် မဂ္ဂနီဆီယမ်ဓာတ် (Mg) ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်တွင်းမှအရည်ဓာတ်ပမာဏကို ထိန်းညှိပေးနိုင်ပြီး အဆစ်များတွင်းမှ အက်စစ်များကို ဖယ်ရှားပေးနိုင်သည်။ အဆစ်အမျက်ရောင်ရောဂါ (Arthritis) ကို သက်သာစေပြီး လေးဖက်နာမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ကြွက်သားများကိုသန်မာစေပြီး ကယ်လ်စီယမ်ဓာတ် (K) ပါဝင်မှုကြောင့်လည်း အရိုးများကို ကြံ့ခိုင်ကျန်းမာစေနိုင်သည်။

သြဇာသီးက အဆစ်ရောင်ခြင်းနှင့် ဂေါက်ရောဂါကဲ့သို့ ရောဂါများကြောင့် ရောင်ရမ်းခြင်းကို သက်သာစေနိုင်သကဲ့သို့ ခန္ဓာကိုယ်တွင်ဖြစ်သည့် ရောင်ရမ်းမှုများကို သက်သာစေရန်ထောက်ကူပေးသည့်အပြင် အရေပြားရောင်ရမ်းမှုများကို သက်သာစေရန်လည်း အသုံးပြုပေးနိုင်သည်။

သြဇာသီးသည် ပိုတက်စီယမ်ဓာတ် (K) ဒေါ်ဝစ မီလီဂရမ်ထိ ကြွယ်ဝစွာပါဝင်သောကြောင့် သွေးတိုးစေသည့်ဆိုဒီယမ်များကို ဆီးထဲပါဝင်သွားခြင်းဖြင့် သွေးတိုးကိုကျစေနိုင်သည်။

နှလုံးနှင့်ဆိုင်သောရောဂါများကို သက်သာစေခြင်း

သြဇာသီးတွင် ပိုတက်စီယမ် (K) နှင့် ဆိုဒီယမ် (Na) ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် နှလုံးတွင်းသွေးလည်ပတ်မှုနှင့် ဖိအားကိုထိန်းချုပ်ပေးသည်။ မဂ္ဂနီဆီယမ် (Mg) ဓာတ်ကလည်း နှလုံးကြွက်သားများကို ချောမွေ့စွာ အလုပ်လုပ်ဆောင်နိုင်အောင် ပံ့ပိုးပေးသည့်အပြင် သွေးတွင်းကိုလက်စထရောပမာဏကိုလည်း လျှော့ချပေးသောကြောင့် နှလုံးနှင့် သက်ဆိုင်သည့်ရောဂါများဖြစ်သည့်သွေးကြောကျဉ်းခြင်း၊ ပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် ရုတ်တရက် နှလုံးရပ်ခြင်းတို့ကို သြဇာသီးပုံမှန်စားသုံးခြင်းဖြင့် ကာကွယ်ပေးနိုင်သည်။ အမျှင်ဓာတ် (Fiber) နှင့် နီကာဆင် (Niacin) ပါဝင်ခြင်းကြောင့်လည်း သွေးတွင်းကိုလက်စထရောကို ထိန်းညှိပေးနိုင်ပြီး အူများ၏အာဟာရစုပ်ယူမှုကို ကောင်းမွန်စေကာ ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်မှုမဖြစ်စေရန် ကာကွယ်ပေးသည်။

အရေပြား၊ ဆံသားကောင်းမွန်စေခြင်း

သြဇာသီးတွင် ဗီတာမင် C နှင့် ဗီတာမင် A တို့ ကြွယ်ဝစွာပါဝင်သောကြောင့် အရေပြားနှင့်ဆံပင်များကို အားအင်ဖြည့်တင်းပေးနိုင်သည်။ သြဇာသီးတွင်ပါဝင်သော ဗီတာမင် C သည် ဝက်ခြံနှင့် ယားနာကဲ့သို့ အရေပြားပေါ်မှ ကူးစက်ဝေဒနာများကို လျင်မြန်စွာ သက်သာပျောက်ကင်းစေနိုင်သည့်အပြင် အသက်အရွယ်ကြောင့်ဖြစ်သည့် အရေပြားပြဿနာများကင်းစေရန်လည်း ထောက်ကူပေးနိုင်သည်။ သြဇာသီးနှင့် သြဇာရွက်တို့တွင် ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုပိုးများကို တိုက်ဖျက်ပေးနိုင်သည့် အာနိသင်ရှိသောကြောင့် အရေပြားကို ပိုးဝင်ကူးစက်ခြင်းမဖြစ်စေရန် ကာကွယ်ပေးသည်။ သြဇာသီးကို စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ကိုကော်လာဂျင်ထွက်ရှိအောင် လှုံ့ဆော် ပေးပြီး အရေပြားစိုပြည်တောက်ပနေစေကာ အရေပြားကျန်းမာရေးအတွက် အထောက်အကူများစွာဖြစ်စေသည်။ ထို့ကြောင့် သြဇာသီးသည် အသားအရေကိုတင်းရင်းစေပြီး အရေပြားကို နုပျိုစေပြီး အိုမင်းရင့်ရော်မှုများကို နှေးကွေးစေခြင်းကြောင့် အမျိုးသမီးများအတွက် စားသုံးသင့်သော အစားအစာတစ်မျိုးဟုပြောနိုင်သည်။

အားအင်ပြည့်ကာပင်ပန်းနွမ်းနယ်မှုကို သက်သာစေခြင်း

သြဇာသီးတွင် ကာဗိုဟိုက်ဒရိတ်များပါဝင်သည့်အပြင် ကာဗိုဟိုက်ဒရိတ်ကို စွမ်းအင်အဖြစ်ပြောင်းလဲပေးရန်လိုအပ်သည့် ဗီတာမင် B1 (Thiamine) ပါဝင်နေသောကြောင့် မောပန်းနွမ်းနယ်နေချိန်များတွင် သြဇာသီးစားသုံးခြင်းဖြင့် အားအင်များရရှိပြီး မောပန်းနွမ်းနယ်ခြင်းကို သက်သာစေသည်။ သြဇာသီးမှာက ကယ်လိုရီပါဝင်မှုများသောကြောင့် ခန္ဓာကိုယ်တွင် အင်အားပြည့်ဝစေပြီး တစ်နေ့တာလန်းဆန်းတက်ကြွစေမည်ဖြစ်သည်။

သိုင်းရွိုက်ဟော်မုန်းကိုထိန်းပေးခြင်း

သြဇာသီးစားသုံးပေးခြင်းဖြင့် လည်ပင်းအရှေ့ရှိ သိုင်းရွိုက်အကျိတ်မှ သိုင်းရွိုက်ဟော်မုန်းကို ပုံမှန်ထုတ်လုပ်ပေးသောကြောင့် ခန္ဓာကိုယ်အလေးချိန်အဆမတန်ထိုးတက်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်းကို ကာကွယ်ပေးသည်။

ပန်းနာရင်ကျပ်ရောဂါကို သက်သာစေသော သြဇာသီးတွင် ပါဝင်သည့် ဗီတာမင် C နှင့် အခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ပန်းနာရင်ကျပ်ရောဂါကို သက်သာစေသည်ဟု သုတေသနစာတမ်းများတွင် ဖော်ပြထားသောကြောင့် ပန်းနာရင်ကျပ်သမားများ မကြာခဏ စားသုံးပေးသင့်သည်။

ကိုယ်ဝန်ဆောင်မိခင်များအတွက် ဓာတ်စာသြဇာသီး

သြဇာသီးတွင်ပါဝင်သော ဖောလစ်အက်စစ် (Fortic Acid) သည်သန္ဓေသား၏အာရုံကြောစနစ်ကို

စာမျက်နှာ ၅ သို့ á

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ဘုတလင် ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် ပဲတီစိမ်းသီးနှံ ဧက ၁၅၅၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ဧက ၁၅၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၅၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

ပုံမှန်ဖြစ်အောင်ကူညီနိုင်ပြီး သြဇာသီးတွင်ပါဝင်သော အာဟာရဓာတ်များက မိခင်နှင့်ကလေးကို ကျန်းမာစေသည်။ ကြေးနီဓာတ်ကြွယ်ဝစွာပါဝင်သော အစားအသောက်အရင်းအမြစ်တစ်ခုဖြစ်သည့် သြဇာသီးသည် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး၏ တစ်ရက်လျှင် ကြေးနီမီလီဂရမ် ၁၀၀၀ ခန့် လိုအပ်မှုကို ပြည့်ဝစွာ ဖြည့်တင်းပေးနိုင်သည်။ သြဇာသီးသည် ကိုယ်ဝန်ဆောင်မိခင်များကို ကောင်းကျိုးပြုရုံသာမက သန္ဓေသား၏ဦးနှောက်ကိုလည်း ဖွံ့ဖြိုးစေသည့်အပြင် သံဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ဝန်ဆောင်မိခင်များ၏ နာကျင်ကိုက်ခဲမှုနည်းပါးစေနိုင်သည်။ မိခင်သည် Antioxidants အများအပြားပါရှိနေသော သြဇာသီးစားပေးခြင်းဖြင့် သန္ဓေသားတွင် ကူးစက်ရောဂါများ ကူးစက်မည့်ရန်မှ တားဆီးပေးနိုင်သည်။

သတိထားစားရမည့်သြဇာသီး

သြဇာသီးတွင် ပါဝင်သောအစေ့များသည် အူအတက်ကိုပိတ်စေနိုင်သောကြောင့် အစေ့များမျိုမချမိစေရန် အထူးဂရုပြုစားသုံးသင့်ပြီး အထူးသဖြင့် ကလေးငယ်များကို အစေ့ထွင်ပြီး အသားကိုသာ ကျွေးသင့်သည်။ ထို့ပြင် ဆီးချိုဝေဒနာရှင်များအနေဖြင့် ဆီးချိုဓာတ်တက်နေချိန်တွင် မစားသင့်ဘဲ ဆီးချိုဓာတ်ကိုရှိသင့်သည့်ပမာဏကို ထိန်းထားနိုင်လျှင် သင့်တင့်သည်ပမာဏကို စားသုံးပေးနိုင်သည်။ ထို့ကြောင့် သြဇာသီးသည် ကျန်းမာရေးအတွက် အကျိုးများသည်ဆိုသော်လည်း ရောဂါအခံရှိသူများ၊ ကျန်းမာရေးအခြေအနေတစ်ရပ်ရပ်ကြောင့် ဆေးဝါးတစ်မျိုးမျိုး ပုံမှန်သောက်သုံးနေရသူများအနေဖြင့် ဆရာဝန်နှင့် သေချာတိုင်ပင်ပြီးမှသာ စားသင့်သည်။

အနှစ်ချုပ်

အရသာကောင်းမွန်သကဲ့သို့ ကျန်းမာရေးကို အလွန်အထောက်အကူပြုသည့် သြဇာသီးသည် ကိုယ်အလေးချိန်တိုးစေခြင်း၊ ကိုယ်ခံအားစနစ်ကိုကောင်းမွန်စေခြင်း၊ ခွန်အားဖြည့်တင်းပေးခြင်း၊ ကင်ဆာကိုတိုက်ဖျက်နိုင်စွမ်းရှိခြင်း၊ ဦးနှောက်ကိုကျန်းမာစေခြင်း၊ သွားကိုခိုင်မာစေခြင်း၊ သွေးအားနည်းရောဂါကိုသက်သာစေခြင်း၊ အမြင်အာရုံကိုကြည်လင်စေခြင်း၊ အဆစ်ရောင်နာကိုသက်သာစေခြင်း၊ နှလုံးနှင့်သက်ဆိုင်သောရောဂါများကိုသက်သာစေခြင်း၊ အစာခြေစနစ်ကိုအားကောင်းစေခြင်း၊ အသားအရေနှင့်ဆံပင်ကိုအားဖြည့်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကောင်းမွန်ခြင်း၊ သန္ဓေသား၏ဦးနှောက်ကိုဖွံ့ဖြိုးစေခြင်း၊ သံဓာတ်ပါဝင်မှုများခြင်း၊ ကူးစက်ရောဂါများမှ ကာကွယ်ပေးနိုင်ခြင်း၊ Morning Sickness ဝေဒနာသက်သာစေခြင်း၊ အသားအရေကြည်လင်စေခြင်းနှင့် အရေပြားကို စိုပြည်ကောင်းမွန်စေခြင်း အစရှိသည့်ကျန်းမာရေးကောင်းကျိုးများစွာရရှိစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

တူယှဉ်နွဲလို့ မဲပေးစို့

- တို့ပြည်ထောင် သမိုင်းပေး
  အနာဂတ်ရေး တွေးရှုမျှော်
  ဒီမိုကရေစီ အသွင်သစ်
  ဖွင့်လှစ်ပုံဖော်၊
  ခိုင်မာသည့် လမ်းကြောင်းပေါ်
  တက်လှမ်းပျော် အုတ်မြစ်ချ၊
  ဖက်ဒရယ် လူ့ဘောင်လမ်းထိ
  ရည်မှန်းချီကြ။

- တို့ပြည်ရွာ အကျိုးစီးပွား
  မြင့်မားဖို့ တည်ဆောက်ပြီ၊
  ပါတီစုံ မူဘောင်ချလို့
  စွမ်းပြကိုယ်စီ၊
  ခေတ်စနစ်နဲ့ ထပ်တူညီ
  ပြည်ကျိုးရည် သမိုင်းသစ်ဖွင့်၊
  ရွေးကောက်ခံ ဦးတည်လမ်းမှာ
  ကမ်းလက်တွေ ဝင့်။

- ပြည်သူတွေ လွတ်လပ်ခွင့်နဲ့
  ဆုံးဖြတ်ချင့် တရားမျှစွာ၊
  ရွေးချယ်မှုန် ဘက်စုံတွေးလို့
  မဲပေးရမှာ၊
  အနာဂတ်ရေး မြော်မြင်ကာ
  ထိုက်တန်စွာ တာဝန်ပေး၊
  ပြည့်ဝန်ကျေ အားထားရမဲ့
  ကိုယ်စားလှယ်တွေ ရွေး။

- ပြည့်တာဝန် နှင်းအပ်မှု
  စံပြတဲ့ ခေါင်းဆောင်တွေ၊
  ပေါ်ထွန်းကာ စွမ်းဆောင်ကြိုးမှ
  တိုးတက်မည်လေ၊
  မျိုးဇာတိ ပြည့်အမြုတေ
  မျိုးဂုဏ်အမွေ ပြည့်မဏ္ဍိုင်များ၊
  အလေးထားကာ သမိုင်းကောင်းဆင့်
  ကမ်းလင့် လိုလား။

- ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး
  ပေါင်းစည်းလို့ ညီညီညာ၊
  ခေတ်မီမီ ပြည်ထောင်နန်း
  တက်လှမ်းချိန်ခါ၊
  အနာဂတ်ရေးပြည်မြန်မာ
  မျှော်မှန်းရာ မြင့်မြင့်မား၊
  အပိုင်း(၃) သို့ ရောက်လေပြီ
  မဲရုံဆီ နိုးနိုးကြားကြား၊
  အသဲကြားက မဲတစ်ပြားကို
  ပြတ်သားညီ မှန်ကန်ရွေးလို့
  မဲပေးကာ တူယှဉ်နွဲကာဖြင့်
  ပွဲဝင်စို့လား။ ။

တက်နေထွန်း

နိုင်ငံတကာ သတင်းများ

ဗီယက်နမ်ကွန်မြူနစ်ပါတီညီလာခံက တိုလမ်းကို ပါတီအကြီးအကဲအဖြစ် ထပ်မံရွေးချယ်

ဟန္နွိုင်း ဧန်နဝါရီ ၂၃

ဗီယက်နမ် ကွန်မြူနစ်ပါတီ၏ လာမည့် ငါးနှစ်အတွက် ပါတီခေါင်းဆောင်အဖြစ် လက်ရှိပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်းကို ဗီယက်နမ် ကွန်မြူနစ်ပါတီ ညီလာခံက ယနေ့တွင် ထပ်မံရွေးချယ် တင်မြှောက်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ ညီလာခံနောက်ဆုံးနေ့တွင် လက်ရှိ ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်းကို လာမည့်ငါးနှစ်အတွက် ပါတီခေါင်းဆောင်အဖြစ် ပါတီ ဗဟိုကော်မတီအဖွဲ့က ထပ်မံ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အသက် ၆၈ နှစ်ရှိ တိုလမ်းသည် ဗီယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲရာထူးကို ပါတီအကြီးအကဲဟောင်း ငုယင်ဖူထရွန် ကွယ်လွန်ခဲ့သည့် ၂၀၂၄ ခုနှစ်နှစ်လယ်ပိုင်းမှစ၍ ရယူခဲ့သူ ဖြစ်သည်။

ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ရာထူးသည် ဗီယက်နမ်နိုင်ငံရေး စနစ်တွင် သြဇာအာဏာ အကြီးဆုံးနေရာ ဖြစ်သည်။

မိမိအနေဖြင့် ကွန်မြူနစ်ပါတီ ညီညွတ်မှုကို ထိန်းသိမ်းကာကွယ်မည်ဖြစ်ကြောင်း ကွန်မြူနစ်ပါတီ အကြီးအကဲရာထူးအတွက် ထပ်မံ ရွေးချယ်ခံခဲ့ရပြီးနောက် တိုလမ်းက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ငါးနှစ်တစ်ကြိမ်ကျင်းပမြဲ ကွန်မြူနစ်ပါတီညီလာခံကို ဧန်နဝါရီ ၁၉ ရက်တွင် ဟန္နွိုင်းမြို့၌ စတင်ကျင်းပခဲ့ရာ နိုင်ငံတစ်ဝန်းမှ ပါတီကိုယ်စားလှယ်ဦးရေ ၁၆၀၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ရုရှားသမ္မတပူတင် အမေရိကန်သံတမန်များနှင့် တွေ့ဆုံဆွေးနွေး

မော်စကို ဧန်နဝါရီ ၂၃

ရုရှားသမ္မတ ပူတင်သည် ဧန်နဝါရီ ၂၂ ရက်က အမေရိကန် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်၊ ဂျရက်ကုရှ်နာတို့နှင့် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်နှင့် အမေရိကန် အထူးသံတမန်များသည် ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိရန် ဆွေးနွေးခဲ့ကြကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်ထားသည်။

ရုရှားသမ္မတ ပူတင်နှင့် အမေရိကန် အထူးသံတမန်များ၏ ဧန်နဝါရီ ၂၂ ရက် ဆွေးနွေးပွဲတွင် ရုရှားအစိုးရ ပြည်ပရေးရာမူဝါဒ အကြံပေး ယူရီအူရှာနော့ဗ်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ရုရှား၊ ယူကရိန်း၊ အမေရိကန် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေး ကိစ္စများနှင့်ပတ်သက်၍ ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ တွေ့ဆုံ ဆွေးနွေးရန် ဧန်နဝါရီ ၂၂ ရက် ဆွေးနွေးပွဲ၌ သဘောတူညီချက် ရယူနိုင်ခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဧန်နဝါရီ ၂၂ ရက် ဆွေးနွေးပွဲသည် အပြုသဘောဆောင်၍ ပွင့်လင်းမြင်သာမှုရှိသည့် ဆွေးနွေးပွဲဖြစ်ခဲ့ကြောင်း ရုရှားအစိုးရ ပြည်ပရေးရာမူဝါဒ အကြံပေး အူရှာနော့ဗ်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားထားသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန် အထူးသံတမန်များကြား ဆွေးနွေးပွဲမှာ လေးနာရီကျော် ကြာမြင့်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ကနေဒါနိုင်ငံကိုဖိတ်ကြားထားမှု အမေရိကန်သမ္မတဒေါနယ်ထရမ့် ပယ်ဖျက်

ဝါရှင်တန် ဧန်နဝါရီ ၂၃

ကမ္ဘာ့ပြဿနာများကိုဖြေရှင်းရန် ရည်ရွယ်ဖွဲ့စည်းထားသော ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့၌ ပါဝင်ရန် ကနေဒါနိုင်ငံကို ဖိတ်ကြားထားမှုကို အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ဧန်နဝါရီ ၂၂ ရက်တွင် ပယ်ဖျက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့၌ ကျင်းပနေသည့် ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်မိန့်ခွန်းတွင် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက အမေရိကန်အစိုးရ၏ မူဝါဒများကို ပြောကြားခဲ့ပြီးနောက် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့၌ ပါဝင်ရန် ကနေဒါကို ဖိတ်ကြားထားမှုကို သမ္မတဒေါနယ်ထရမ့်က ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် ကနေဒါနိုင်ငံကို ဖိတ်ကြားထားမှုအား ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က လူမှုကွန်ရက်စာမျက်နှာ၌ အတည်ပြုထားသည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးသည် ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်၌ ဧန်နဝါရီ ၂၂ ရက်က မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာ ယင်းမိန့်ခွန်းတွင် စီးပွားရေးအရ ပေါင်းစည်းနေမှုနှင့် အခွန်မူဝါဒတို့ကို လက်နက်အဖြစ် အသုံးချနေသော နိုင်ငံကြီးများကို ဝေဖန်ပြောကြားထားသည်။

ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့၌ ပါဝင်ရေးအတွက် အမေရိကန်အစိုးရ၏ ဖိတ်ကြားချက်ကို ဝန်ကြီးချုပ် မာ့ခ်ကာနေးက ရရှိထားပြီး ဖိတ်ကြားချက်ကို လက်ခံရန်လည်း စဉ်းစားထားကြောင်း ကနေဒါဝန်ကြီးချုပ်ရုံးက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်သည် ၎င်ဦးဆောင်မည့် ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့တွင် ပါဝင်ရန် ကမ္ဘာ့ခေါင်းဆောင်အများ အပြားကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

စပိန်နိုင်ငံ၌ခရီးသည်တင်ရထားတစ်စီးနှင့် ဝန်ချီစက်လက်တံ တိုက်မိမှုဖြစ်ပွား

ဘာစီလိုနာ ဧန်နဝါရီ ၂၃

စပိန်နိုင်ငံ အရှေ့တောင်ပိုင်း၌ ဧန်နဝါရီ ၂၂ ရက်က ခရီးသည်တင်ရထားတစ်စီးနှင့် ဝန်ချီစက်လက်တံတစ်ခုတို့ တိုက်မိခဲ့ကြောင်း စပိန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရထားမောင်းနှင်နေစဉ် ရထားဦးတည်ရာဘက်သို့ ဝင်ရောက်လာသည့် ဝန်ချီစက်လက်တံက ရထားပြတင်းပေါက်ကို ရိုက်ခတ်မိခဲ့ခြင်းဖြစ်ကြောင်း စပိန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မတော်တဆမှုအတွင်း ခရီးသည် ခြောက်ဦး ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း စပိန် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်ဉ်ကြောင့် ရထားလမ်းချော်မှု မဖြစ်ခဲ့သော်လည်း ရထားလမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ရထားမတော်တဆမှုသည် ရက်သတ္တပတ်မပြည့်မီမှာပင် စပိန်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် စတုတ္ထမြောက် ရထားမတော်တဆမှု ဖြစ်သည်။

ဧန်နဝါရီ ၁၈ ရက်က စပိန်နိုင်ငံ ကော်ဒိုဗာပြည်နယ်၌ အမြန်ရထားနှစ်စီး ဝင်တိုက်မှုဖြစ်ပွားခဲ့ရာ လူ ၄၃ ဦးသေဆုံးခဲ့သည်။

အလားတူ ဧန်နဝါရီ ၂၀ ရက်တွင်လည်း ဘာစီလိုနာမြို့အနီး၌ ရထားလမ်းချော်မှု ဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံး၍ လေးဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဂျပန်ဝန်ကြီးချုပ် တာကာအိချိ အောက်လွှတ်တော်ကို ဖျက်သိမ်း

တိုကျို ဧန်နဝါရီ ၂၃

လွှတ်တော် ရွေးကောက်ပွဲများကို ပုံမှန်ထက်စောလ်ု ကျင်းပနိုင်ရေးအတွက် ဂျပန်ဝန်ကြီးချုပ် ဆာနာအိတာကာအိချိက ယနေ့တွင် အောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ် တာကာအိချိသည် ဂျပန်အောက်လွှတ်တော် ရွေးကောက်ပွဲများကို လာမည့် ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ဂျပန်ဝန်ကြီးချုပ် တာကာအိချိသည် ဝန်ကြီးချုပ်ရာထူးရယူပြီး သုံးလကြာမြင့်ချိန်တွင် ဂျပန် အောက်လွှတ်တော် ရွေးကောက်ပွဲများကို ပုံမှန်ထက်စောလ်ု ကျင်းပရန် အောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် တာကာအိချိသည် ၎င်းရရှိထားသော လူထုထောက်ခံမှုနှုန်းအရ အောက်လွှတ်တော်ရွေးကောက်ပွဲများကို ပုံမှန်ထက်စောလ်ု ကျင်းပခြင်းဖြင့် လွှတ်တော်၌ နိုင်ငံရေးအင်အားတည်ဆောက်ရန် ရည်ရွယ်ထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ်ရာထူး စတင်ရရှိခဲ့သည့် တာကာအိချိသည် ဂျပန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်သူ ဖြစ်သည်။

အမတ်နေရာ ၄၆၅ နေရာရှိသည့် အောက်လွှတ်တော် ရွေးကောက်ပွဲ အတွက် ၁၂ ရက်ကြာ တရားဝင် မဲဆွယ်ကာလမှာ ဧန်နဝါရီ ၂၇ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံအခြေစိုက် ပုဂ္ဂလိကအာကာသ နည်းပညာကုမ္ပဏီများက အာကာသမစ်ရှင်ပေါင်း ၅၀ ထိ လွှတ်တင်ခဲ့

ပေကျင်း ဇန်နဝါရီ ၂၃

၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံအခြေစိုက်ပုဂ္ဂလိက အာကာသ နည်းပညာ ကုမ္ပဏီများသည် အာကာသမစ်ရှင်ပေါင်း ၅၀ ထိ လွှတ်တင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသ အေဂျင်စီက ဇန်နဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

၂၀၂၅ ခုနှစ်အတွင်း ပုဂ္ဂလိက အာကာသကုမ္ပဏီများ လွှတ်တင်ခဲ့သည့် အာကာသမစ်ရှင်များသည် တရုတ်နိုင်ငံက လွှတ်တင်ခဲ့သော မစ်ရှင်အားလုံး၏ ၅၄ ရာခိုင်နှုန်းထိ ရှိကြောင်း သိရသည်။

အလားတူ ၂၀၂၅ ခုနှစ်အတွင်း တရုတ်ပုဂ္ဂလိက အာကာသကုမ္ပဏီများ လွှတ်တင်ခဲ့သည့် ဂြိုဟ်တုစင်းရေပေါင်းမှာ ၃၁၁ စင်းထိရှိခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အထက်ပါ ဂြိုဟ်တုပမာဏသည် တရုတ်နိုင်ငံက ၂၀၂၅ ခုနှစ်အတွင်း လွှတ်တင်ခဲ့သည့်ဂြိုဟ်တု အရေအတွက်၏ ၈၄ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း သိရသည်။

အလားတူ ၂၀၂၅ ခုနှစ်အတွင်း တရုတ်ပုဂ္ဂလိက အာကာသ ကုမ္ပဏီများ၏ သုတေသနလုပ်ငန်းများနှင့် ပြန်လည်အသုံးပြုနိုင်သည့် အာကာသဒုံးပျံယာဉ် စမ်းသပ်မှုများမှာလည်း အောင်မြင်တိုးတက်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း တရုတ်အခြေစိုက် လန်းစပေ့ကုမ္ပဏီသည် ကျူကေး-၈ ဒုံးပျံဖြင့် ဒုံးပျံယာဉ်ပင်မကိုယ်ထည် မြေပေါ်ပြန်လည်ဆင်းသက်မှုနည်းပညာကို အသုံးပြုခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

C/2024 E 1 ကြယ်တံခွန်က ဇန်နဝါရီ ၂၁ ရက်တွင် နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့

ဝါရှင်တန် ဇန်နဝါရီ ၂၃

C/2024 E 1 အမည်ရှိ ကြယ်တံခွန်သည် ဇန်နဝါရီ ၂၁ ရက်တွင် နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

C/2024 E 1 ကြယ်တံခွန်သည် ဇန်နဝါရီ ၂၁ ရက်တွင် နေကိုအနီးဆုံးမှတ်ဖြစ်သည့် မိုင်ပေါင်း ၅၂ ဒသမ ၆ သန်းအကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သိပ္ပံပညာရှင်များက ပြောကြားသည်။

နေကို အနီးဆုံးမှတ်မှဖြတ်ကျော်ပျံသန်းခဲ့ပြီး C/2024 E 1 ကြယ်တံခွန်၏ အလင်းအားမှာ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါ ကြယ်တံခွန်သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်ဖြစ်သည့် မိုင်ပေါင်း ၉၃ သန်း အကွာမှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း၊ ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းချိန်တွင် C/2024 E 1 ကြယ်တံခွန်ကို သာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည် မဟုတ်ကြောင်း သိရသည်။

C/2024 E 1 ကြယ်တံခွန်ကို ၂၀၂၄ ခုနှစ် မတ်လတွင် နာဆာ သိပ္ပံပညာရှင်များက ကာတာလီနာ ရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

သတင်းအချက်အလက် ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုစင်းရေ ၅၄၀၈ စင်း လွှတ်တင်မည်

ဝါရှင်တန် ဇန်နဝါရီ ၂၃

သတင်းအချက်အလက် ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုစင်းရေ ၅၄၀၈ စင်း လွှတ်တင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီက ဇန်နဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြထားသည်။

သတင်းအချက်အလက် ဆက်သွယ်ရေးကွန်ရက် ဂြိုဟ်တုများ လွှတ်တင်မှုကို ၂၀၂၇ ခုနှစ်အတွင်း စတင်မည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဘလူးအော်ရီဂျင်၏ ဆက်သွယ်ရေး ဂြိုဟ်တုကွန်ရက်သည် သတင်းအချက်အလက်များကို ကမ္ဘာပေါ်ရှိ မည်သည့်နေရာမျိုးသို့မဆို ၆ တီဘီပီ အမြန်နှုန်းဖြင့် ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီ၏ ဆက်သွယ်ရေး ဂြိုဟ်တုကွန်ရက်ကို အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများအတွက် သတင်းအချက်အလက် လွှဲပြောင်းရေး ဗဟိုဌာနအဖြစ် အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ကမ္ဘာ့အကြီးဆုံး အင်တာနက် ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်မှာ စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ဖြစ်ပြီး ဂြိုဟ်တုအစင်းရေပေါင်း ၉၅၀၀ ကျော်ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၄၀ တို့မှ ဖောက်သည်ပေါင်း ခြောက်သန်းကျော်တို့က သုံးစွဲနေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

HEALTH

ပုံစံ-၂ ဆီးချို ရှိ၊ မရှိကို ရောဂါလက္ခဏာမပေါ်မီ သွေးစစ်နည်းတစ်မျိုးဖြင့် ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိ

နယူးယောက် ဇန်နဝါရီ ၂၃

ပုံစံ-၂ ဆီးချို ရှိ၊ မရှိ ကို ရောဂါလက္ခဏာ မပေါ်မီကပင် ရိုးရှင်းသည့် သွေးစစ်နည်းတစ်မျိုးဖြင့် ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၂၂ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

၂၆ နှစ်ကြာ အချိန်ယူလေ့လာခဲ့ပြီးနောက် အမေရိကန်သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုရောဂါနှင့် ဆက်စပ်သည့် မော်လီကျူး ၂၃၅ မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

အထက်ပါလေ့လာတွေ့ရှိချက်ကြောင့် ပုံစံ-၂ ဆီးချိုရောဂါကို ရောဂါလက္ခဏာမပေါ်မီ ကြိုတင်ဖော်ထုတ်လာနိုင်မည့် သွေးစစ်နည်းများ ဖော်ထုတ်လာနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆီးချိုရောဂါမရှိသူ ၂၃၆၃၄ ဦးတို့၏ သွေးနမူနာများကို ၂၆ နှစ်ကြာ အချိန်ယူလေ့လာပြီးနောက် ပုံစံ-၂ ဆီးချိုရောဂါနှင့် ဆက်စပ်နေသော မော်လီကျူး ၂၃၅ မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဆီးချိုရောဂါလူနာ ၅၈၉ သန်းခန့်ထိ ရှိနိုင်ပြီး ၉၀ ရာခိုင်နှုန်းမှာ ပုံစံ-၂ ဆီးချိုရောဂါလူနာများဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လူ့ခန္ဓာကိုယ်အနေဖြင့် အင်ဆူလင်ဟော်မုန်းကို အလုံအလောက် ထုတ်မပေးနိုင်ချိန်တွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

မျှစ်စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်

လန်ဒန် ဇန်နဝါရီ ၂၃

မျှစ်စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက်အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၂၂ ရက်သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ အင်ဂျလီယာ ရပ်ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မျှစ်စားသုံးခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကို ပိုကောင်းလာမှုမှသည် နှလုံးကျန်းမာရေးပိုကောင်းလာမှု ထိ ပါဝင်သော ကျန်းမာရေးအကျိုးကျေးဇူးများ ရယူနိုင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် မျှစ်စားသုံးမှု၏ ကျန်းမာရေးအကျိုးကျေးဇူးကို ဖော်ထုတ်ရေးအတွက် ဓာတ်ခွဲခန်းစမ်းသပ်မှုများကို လက်တွေ့ပြုလုပ်နိုင်ခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ မျှစ်စားသုံးခြင်းဖြင့် သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို ထိန်းချုပ်နိုင်ပြီး နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေကို ကာကွယ်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အမျှင်ဓာတ်ပါဝင်မှုမြင့်မားသည့် မျှစ်ကိုစားသုံးခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ်လုပ်ငန်း လည်ပတ်နိုင်စွမ်းကို မြှင့်တင်ပေးကြောင်း သိရသည်။

အလားတူ မျှစ်စားသုံးခြင်းဖြင့် အစာခြေ လမ်းကြောင်းစနစ်အတွင်း အကျိုးပြုဘက်တီးရီးယားများစုစည်းမှုကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

စပါးအသင်းက ခံစစ်ကစားသမား ဗန်ဒီဗန်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၁၀၀ သတ်မှတ်

လန်ဒန် ဇန်နဝါရီ ၂၃

ပရီးမီးယားလီဂ်ကလပ် စပါးအသင်းသည် ခံစစ်ကစားသမား ဗန်ဒီဗန်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၁၀၀ သတ်မှတ်ခဲ့ကြောင်း The Mirror သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အသက် ၂၄ နှစ်ရှိ ဗန်ဒီဗန်သည် ၂၀၂၃ ဘောလုံးရာသီတွင် ဂျာမန်ကလပ်ဝုဖ်ဘတ်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၃ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုထားသည်။

ဗန်ဒီဗန်သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက ချဲလ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့သည့် ပရီးမီးယားလီဂ်ပွဲစဉ်တွင် နည်းပြဖရန့်နှင့် ဆက်ဆံရေးတင်းမာမှုများရှိခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၈ ရက်က ဘုန်းမောက်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင်လည်း အသင်းပရိသတ်များနှင့် ပြဿနာတက်ခဲ့ကြောင်း သိရသည်။

ထို့နောက် အင်္ဂလန်မီဒီယာများ၏ ဖော်ပြချက်အရ ၎င်းအနေဖြင့် ယခုနှစ် နွေရာသီတွင် ပရီးမီးယားလီဂ်ထိပ်တန်း အသင်းတစ်သင်း သို့မဟုတ် ဥရောပထိပ်တန်း အသင်းတစ်သင်းသို့ ပြောင်းရွှေ့လိုကြောင်း သတင်းများထွက်ပေါ်နေသည့်အတွက် စပါးအသင်းက ဗန်ဒီဗန်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၁၀၀ သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

ပရီးမီးယားလီဂ်တွင် ယခင်က ခံစစ်ကစားသမားတစ်ဦး၏ စံချိန်တင်ပြောင်းရွှေ့ကြေးမှာ လက်စတာအသင်းမှ မန်ယူအသင်းသို့ စတာလင်ပေါင် ၈၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် မက်ဂွိုင်းယားဖ၏ ပြောင်းရွှေ့ကြေးဖြစ်ကြောင်း သိရသည်။

Ref : The Mirror

Trs : ML

အားကစားသတင်းအတိုအထွာများ

- ❑ ယူရိုပါလီဂ်ဖလားပြိုင်ပွဲတွင် အေဗီလာအသင်းက ဖီနာဘာချီအသင်းကို အနိုင်ရခဲ့ပြီးနောက် ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။
- ❑ ဘိုင်ယန်မြူးနစ်အသင်းသည် နော်တင်ဟမ် ကွင်းလယ်ကစားသမားအန်ဒါဆန်ကို လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။
- ❑ လက်စတာအသင်း ကွင်းလယ်ကစားသမားအန်ဒီဒီကို နယူးကာဆယ်အသင်းက ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။
- ❑ လီဗာပူးခံစစ်ကစားသမား ရော်ဘတ်ဆန်ကို စပါးအသင်းက ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သိရသည်။ **ML**

မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ရှမ်းယူနိုက်တက် အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိ

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လီဂ်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လီဂ် ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ISPE အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် ဇေယျာလင်းက သွင်းယူခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၄ မိနစ်နှင့် ၉၂ မိနစ်တွင် ကွမ်ဆက်၊ ပွဲချိန် ၈၂ မိနစ်တွင် ကောင်းမြတ်ဇြမ်း၊ ပွဲချိန် ၈၄ မိနစ်တွင် ပက်ထရစ်တို့က သွင်းယူခဲ့ကြသည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၃၀ တွင် မောင်မောင်လွင်၊ ပွဲချိန် ၄၅ မိနစ်တွင် ဆယ်တို့၊ ပွဲချိန် ၄၈ မိနစ်တွင် ဟာမာ၊ ပွဲချိန် ၆၃ မိနစ်တွင် အဆာနီတို့က သွင်းယူခဲ့ကြသည်။

ဆက်လက်ပြီး ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၉ မိနစ်တွင် လှိုင်းဘိုဘို၊ ပွဲချိန် ၅၃ မိနစ်တွင် ဆအောင်ပြည့်ကို၊ ပွဲချိန် ၉၄ မိနစ်တွင် လင်းထက်စိုးတို့က သွင်းယူခဲ့ကြပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် ဆွမ်လမန်က သွင်းယူခဲ့ကြောင်း သိရသည်။ **STA**

ဘာစီလိုနာအသင်းမှ ပက်ဒရီ တံကောက်ကြောဒဏ်ရာကြောင့် တစ်လခန့်အနားယူရမည်

ဘာစီလိုနာ ဇန်နဝါရီ ၂၃

ဘာစီလိုနာအသင်း အဓိက ကွင်းလယ်ကစားသမား ပက်ဒရီသည် တံကောက်ကြော ဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဖြစ်ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ပက်ဒရီသည် ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်း ကွင်းလယ်ပိုင်း ၌ အဓိကကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြသနေပြီး ၎င်းပါဝင်ကစားနိုင်ခြင်းမရှိသည့် ပွဲစဉ်များတွင် အသင်းကွင်းလယ်ပိုင်း၌ ရုန်းကန်နေရခြင်းဖြစ်သည်။

ပက်ဒရီသည် ချန်ပီယံလီဂ်ပြိုင်ပွဲ အဖြစ်ကစားခဲ့သည့် ဘာစီလိုနာ အသင်းက ဆလားဗီးယားပရပ် အသင်းကို လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အသင်းဖော် လိုပက်ဇ်၏ သွင်းဂိုးကို ဖန်တီးမှု ပြုလုပ်ခဲ့သော်လည်း ပွဲချိန် ၆၁ မိနစ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ပြီးနောက် လူစားလဲ ထွက်ခွာခဲ့ရသည်။

ပက်ဒရီ၏ တံကောက်ကြော ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် အနည်းဆုံး တစ်လခန့် အနားယူရမည်ဖြစ်သဖြင့် ဘာစီလိုနာ အသင်း ကွင်းလယ်ပိုင်းအတွက် ထိုးနှက်ချက် ဖြစ်လာဖွယ်ရှိသည်။

ပက်ဒရီသည် ယခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံ ၂၄ ပွဲတွင် သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ် ပြုလုပ်ထားပြီး ယခုအခါ ဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဖြစ်သည့်အတွက် အသင်းနှင့်အတူ အနည်းဆုံး ခြောက်ပွဲခန့် လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည်ဟု ကက်စ်မဲရိုး ပြောကြား

မန်ချက်စတာ ဇန်နဝါရီ ၂၃

မန်ယူအသင်း ဝါရင့်ကွင်းလယ်ကစားသမားကက်စ်မဲရိုးက ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဟု ပြောကြားခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အသက် ၃၃ နှစ်ရှိ ကက်စ်မဲရိုးသည် ၂၀၂၂ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။

ကက်စ်မဲရိုးနှင့် မန်ယူအသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်ပါ အချက်အလက်များအရ နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်ရှိသော်လည်း မန်ယူအသင်းက သက်တမ်းတိုး စာချုပ် ချုပ်ဆိုခြင်းမရှိသကဲ့သို့ ကက်စ်မဲရိုး ကိုယ်တိုင်ကလည်း အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ကက်စ်မဲရိုးက "ကျွန်တော် မန်ယူအသင်းကို စရောက်ကတည်းက အိမ်ကွင်း Old Trafford မှာ ကစားခဲ့ရတဲ့အရသာကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။ အသင်းနဲ့ လဲ မေ့မရတဲ့ အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ ကျွန်တော် အခုချက်ချင်း နှုတ်ဆက်တာမဟုတ်ပါဘူး။ နောက်ထပ် လေးလကျန်ပါသေးတယ်။ အသင်းနဲ့ လေးလ ကျော်ဖြတ်ဖို့ ကျန်ပါသေးတယ်။ လက်ကျန်အချိန်တွေမှာ အကောင်းဆုံးတွေဖြစ်အောင် ကြိုးစားသွားမှာပါ"ဟုပြောကြားခဲ့သည်။

ကက်စ်မဲရိုးသည် မန်ယူအသင်းနှင့်အတူ လေးရာသီအတွင်း ပြိုင်ပွဲစုံ ၁၄၆ ပွဲတွင် သွင်းဂိုး၂၁ ဂိုးသွင်းယူထားပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၂၁ ပွဲတွင် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် မက်ဆီ၏စံချိန်ကို အိုလီဆီလိုက်မီရန် နီးစပ်နေ

ဘာလင် ဇန်နဝါရီ ၂၃

ဘိုင်ယန်မြူးနစ် အသင်းတိုက်စစ်ကစားသမား အိုလီဆီသည် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ဘာစီလိုနာအသင်း ကစားသမားဟောင်း မက်ဆီ၏စံချိန်ကို လိုက်မီရန် နီးစပ်နေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ အိုလီဆီသည် ချန်ပီယံလီဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် စိန့်ဂျီလိုစီအသင်းတို့ ပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ခဲ့ပြီး နောက်ယခုနှစ်ဘောလုံးရာသီတွင် ဂိုးဖန်တီးမှု ၂၁ ကြိမ်ထိ ရှိလာခဲ့သည့်အတွက် မက်ဆီ၏စံချိန်ကို လိုက်မီရန် နီးစပ်နေခြင်းဖြစ်သည်။

တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ဘာစီလိုနာအသင်း ကစားသမားဟောင်းမက်ဆီက ၂၀၁၁-၂၀၁၂ ဘောလုံးရာသီက အကြိမ် ၃၀ ထိ ပြုလုပ်ခဲ့ပြီး ၎င်း၏ နောက်တွင် ချဲလ်ဆီးအသင်း ကစားသမားဟောင်းမာတာက ၂၀၁၂-၂၀၁၃ ဘောလုံးရာသီက ၂၉ ကြိမ်၊ မန်စီးတီးအသင်း ကစားသမားဟောင်း ဒီဘရိုင်းက ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက ၂၇ ကြိမ် ပြုလုပ်ခဲ့ကြပြီး ယခုအခါ အိုလီဆီက ၂၁ ကြိမ်ထိ ရှိလာခဲ့ခြင်းဖြစ်သည်။

အိုလီဆီသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလီဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှု လေးကြိမ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်နေသကဲ့သို့ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း ၁၃ ကြိမ်ထိပြုလုပ်ထားပြီး ထိပ်ဆုံး၌ ရပ်တည်နေသည့်အတွက် ပြိုင်ပွဲနှစ်ရပ်တွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ဦးဆောင်နေကြောင်း သိရသည်။

Ref : One Football

Trs : STA

ဘရာဇီးနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြ အန်ဆယ်လော့တီကို ၂၀၃၀ ကမ္ဘာ့ဖလား ပြိုင်ပွဲထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၃

ဘရာဇီးနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဘရာဇီးအသင်းနည်းပြ အန်ဆယ်လော့တီကို ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရာဇီးနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နည်းပြအန်ဆယ်လော့တီကို ၂၀၂၅ ခုနှစ် စက်တင်ဘာလက နည်းပြသစ်အဖြစ် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲထိ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအန်ဆယ်လော့တီသည် ဘရာဇီးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် နိုင်ငံတကာ ခြေစမ်းပွဲစဉ်များတွင် ရှစ်ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ လေးပွဲ အနိုင်ရပြီး နှစ်ပွဲ သရေရလဒ်နှင့် နှစ်ပွဲရှုံး ရလဒ်ရရှိအောင် စွမ်းဆောင်ခဲ့သူ ဖြစ်သည်။

ဘရာဇီးနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နည်းပြအန်ဆယ်လော့တီကို ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲထိ တာဝန်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(C)တွင် ဟေတီအသင်း၊ မော်ရိုကိုအသင်း၊ စကော့တလန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုအဖွင့်ပွဲစဉ် အဖြစ် မော်ရိုကိုအသင်းနှင့် စတင် ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : One Football

Trs : STA

နွေရာသီအပြောင်းအရွှေ့ကာလတွင် ဆော်ဒီပရိုလိဂ်ထိပ်တန်းအသင်းများက ဥရောပမှကစားသမားအများအပြားခေါ်ယူရန် ပြင်ဆင်နေ

ရီယာ့ဒ် ဇန်နဝါရီ ၂၃

ဆော်ဒီပရိုလိဂ် ထိပ်တန်းကလပ်အသင်းကြီးများက လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဥရောပမှ ထိပ်တန်းကစားသမား အများအပြားကိုခေါ်ယူရန် ပြင်ဆင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီပရိုလိဂ် ထိပ်တန်းကလပ်အယ်လ်နာဆာအသင်းသည် ၂၀၂၂ ခုနှစ်က ဥရောပမှ ထိပ်တန်းကစားသမားတစ်ဦးဖြစ်သည့် စီရော်နယ်ဒို့ကို ခေါ်ယူခဲ့ပြီးနောက် အခြားထိပ်တန်း အသင်းကြီးများဖြစ်သည့် အယ်လ်ဟီလယ်အသင်း၊ အယ်လ်အီတီဟက် အသင်းတို့ကလည်း ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလများတွင် ဥရောပမှ ထိပ်တန်းကစားသမားအများစုကို ခေါ်ယူခဲ့ကြသည်။

ဆော်ဒီပရိုလိဂ်ထိပ်တန်းကလပ်အသင်းကြီးများက အသင်းပုံရိပ်ကို မြှင့်တင်ရန် ကမ္ဘာ့ထိပ်တန်းကစားသမားများကို ခေါ်ယူခဲ့ကြပြီး လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင်လည်း ဥရောပမှ ထိပ်တန်းကစားသမား အများစုကို ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် အယ်လ်နာဆာ အသင်းက မန်ယူအသင်းနှင့် အနာဂတ် မရေမရာဖြစ်နေသည့် ဖာနန်ဒက်၊ အယ်လ်အီတီဟက် အသင်းက ဘာစီလိုနာအသင်းမှ လီဝမ်ဒေါစကီးနှင့် မန်ယူအသင်းမှ ကက်စ်မဲရိုး၊ အယ်လ်ဟီလယ် အသင်းက လီဗာပူးအသင်းမှ ဆာလာဟ်တို့ကို အသီးသီး ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

ချီဆိုရာက လာမည့် ဧပြီလတွင် ဒီယွန်တေနှင့် ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်

လန်ဒန် ဇန်နဝါရီ ၂၃

WBO Inter-Continental ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း အင်္ဂလန်လက်ဝှေ့သမား ချီဆိုရာသည် လာမည့် ဧပြီလ၌ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း အမေရိကန် လက်ဝှေ့သမား ဒီယွန်တေနှင့် ထိုးသတ်မည်ဟု ထုတ်ပြန်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၂ နှစ်ရှိ ချီဆိုရာနှင့် အသက် ၄၀ နှစ်ရှိ ဒီယွန်တေတို့သည် လွန်ခဲ့သော ၁၃ နှစ်က စိန်ခေါ်ထိုးသတ်ရန် စီစဉ်ခဲ့သော်လည်း ယင်းကာလ၌ ဒီယွန်တေသည် အိမ်ဝတွင်းအကြမ်းဖက်မှု ပြဿနာကြောင့် အင်္ဂလန်နိုင်ငံအတွင်း ပြည်ဝင်ခွင့် ပိတ်ပင်ခံခဲ့ရသည့် အတွက် စိန်ခေါ်ပွဲ ဖျက်သိမ်းခဲ့ရသည်။

၎င်းတို့အကြား စိန်ခေါ်ပွဲဖြစ်မြောက်ရေး ထပ်မံဆွေးနွေးညှိနှိုင်းခဲ့ခြင်းဖြစ်ပြီး သဘောတူညီချက် ရရှိခဲ့သည့်အတွက် ဧပြီ ၄ ရက်တွင် ထိုးသတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ချီဆိုရာက "ဒီယွန်တေနဲ့ ထိုးသတ်သွားဖို့ သဘောတူညီချက် ရရှိခဲ့ပြီဖြစ်ပါတယ်။ လာမဲ့ ဧပြီ ၄ ရက်မှာ ထိုးသတ်သွားမယ်။ အရင်ကတည်းက သူနဲ့ထိုးသတ်ဖို့ စီစဉ်ခဲ့ဖူးပါတယ်။ ဒီတစ်ကြိမ်မှာတော့ အမှားအယွင်း မရှိလောက်ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : Boxing Scene**

Trs : AZL

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် မျက်ဒဗျက်က မာရို့ဇန်ကို အနိုင်ရ

မဲလ်ဘုန်း ဇန်နဝါရီ ၂၃

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရှရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ဟန်ဂေရီတင်းနစ်ကစားသမား မာရို့ဇန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၇ ၊ ၄-၆ ၊ ၇-၅၊ ၆-၀ ၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရပြီး စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း NT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်အနေဖြင့် ပထမပွဲ ငယ်နှင့် ဒုတိယပွဲငယ်တို့၌ ရှုံးနိမ့်ခဲ့သော်လည်း စွမ်းဆောင်ရည် ကောင်းများဖြင့် ပွဲငယ် သုံးပွဲဆက် ပြန်လည်အနိုင်ရကာ စတုတ္ထအဆင့်ကို တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

မျက်ဒဗျက်သည် နည်းပြသစ်နှင့် လက်တွဲလေ့ကျင့်ခဲ့ပြီးနောက် ပိုင်း စွမ်းဆောင်ရည်ပိုင်း တိုးတက်မှုရှိလာပြီး အနိုင်ရလဒ်ကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်း ဖြစ်သည်။

မျက်ဒဗျက်က "တော်တော်လေးကို ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲပါ။ နှစ်ပွဲဆက်တိုက် ရှုံးခဲ့ရပြီးတဲ့အချိန် စိတ်ဓာတ်ပိုင်းဆိုင်ရာ တော်တော်လေးကို အခက်တွေ့ခဲ့ရပါတယ်။ ဒါပေမဲ့လဲ ကျွန်တော် သန်မာခဲ့တယ်။ ဇွဲမလျှော့ဘဲ အကောင်းဆုံးပြန်ကြိုးစားခဲ့ပါတယ်။ အနိုင်ရလဒ်ရဖို့အတွက် ကျွန်တော် အကောင်းဆုံးလုပ်နိုင်ခဲ့တယ်။ မာရို့ဇန် ကစားသွားတာ ကောင်းပါတယ်။ ရှုံးချင်ရှုံးပါစေ နောက်ဆုံးအချိန်ထိတော့ အကောင်းဆုံး လုပ်သွားမယ်ဆိုတဲ့စိတ်နဲ့ ကျွန်တော် ဆက်လက် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဖိအားဝင်နေတဲ့အချိန်မှာ စိတ်ကို အတည်ငြိမ်ဆုံး ထိန်းနိုင်ဖို့က အဓိကကျပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : NT**

Trs : AZL

နိုင်ငံအတွက် တန်ဖိုးရှိလှသည့် လူငယ်များဖြစ်စေလို

ဆုလတ်မေ

နိုင်ငံအတွင်းနေထိုင်ကြသည့် လူငယ်များသည် အလားအလာကောင်းများကို ပိုင်ဆိုင်ထားကြသူများ ဖြစ်သည့်အတွက် နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးသည် လူငယ်များ၏ ပညာတတ်မှုနှင့် စွမ်းရည်အပေါ်တွင် တည်မှီနေသည်။

လူငယ်များသည် နိုင်ငံ့ရတနာများဖြစ်ပြီး အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများပင်ဖြစ်သည်။ လူငယ်ဆိုသည်မှာ ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများဖြစ်သည်။ လူငယ်များသည် လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုရသည်။ လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်သည့်အပြင် နိုင်ငံအတွက်လည်း တန်ဖိုးရှိလှသည့် လူငယ်များဖြစ်ရန် လိုအပ်ပေသည်။

လူငယ်အရွယ်သည် လူတစ်ဦး၏ ပထမအရွယ်ဖြစ်၍ ပညာရှာရမည့် အရွယ်လည်းဖြစ်သည်။ သို့ရာတွင် လူငယ်အရွယ်မှာပင် မိသားစုပြဿနာများကြောင့်ဖြစ်စေ မကောင်းသည့်ပတ်ဝန်းကျင်ကြောင့်ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် စာသင်ခန်းနှင့်ဝေးကွာခဲ့သော လူငယ်များစွာ ရှိနေကြသည်။

ပညာတတ်လူငယ်များဖြစ်စေရေး

လူငယ်များအနေဖြင့် ကြောင်းကျိုးတွက်ဆ၍ ပြဿနာတစ်ရပ်ကို မှန်ကန်စွာ ဖြေရှင်းနိုင်ရန်အတွက် အသိပညာလိုအပ်သည်။ အသိပညာရရှိရန်အတွက်စာပေဖတ်ရှုခြင်းနှင့် စူးစမ်းလေ့လာခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည်။ စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတကိုရရှိမည်ဖြစ်ပြီး အမှားအမှန်ကိုပိုင်းခြားဆင်ခြင်တတ်မှု၊ တွေးခေါ်မြော်မြင်တတ်မှု၊ စူးစမ်းရှာဖွေတတ်မှုတို့ကိုပါရရှိနိုင်ပြီး လူငယ်များအနေဖြင့် ပိုမိုတိုးတက်လာမည်ပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် အမှန်ကိုရွေးချယ်နိုင်ရေး ဉာဏ်ပညာပြည့်စုံရန် အထူးလိုအပ်ပေသည်။ အတန်းပညာသင်ကြားခြင်းနှင့် လက်တွေ့ဘဝကို လေ့လာခြင်းဟူသည့် သင်ကြားမှုနှစ်ရပ်တွင် ဆက်စပ်စဉ်းစားပြီး အကျိုးနှင့်အကြောင်းကို ရှာဖွေတတ်သည့်အလေ့အကျင့်ရှိရန်လည်း များစွာလိုအပ်သည်။ တစ်နည်းအားဖြင့်ဆိုသော် အတန်းပညာကို သာအားပြုမနေဘဲ ကြောင်းကျိုးဆက်စပ်၍ ပြင်ပဗဟုသုတများ ရှာဖွေရန်လိုအပ်သည်။

လူငယ်ဟူသည် ကျား၊ မ မရွေး ပညာတတ်မြောက်ရန် လိုအပ်ပေသည်။ ပညာတတ်မြောက်မှသာလျှင် ခေတ်၏နောက်သို့ လိုက်ပါစီးမျှော၍ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် လူတို့နေထိုင်ရာ ကမ္ဘာကြီးသည်လည်း တစ်နှစ်ပြီးတစ်နှစ်၊ တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းများလည်းမြင့်မားလာကြသည်။ ထိုသို့ ပြောင်းလဲလာခြင်းနှင့်အတူ နည်းပညာများလည်း ဆန်းသစ်လာကြသည်။ စာမေးပွဲအောင်မြင်ခြင်း၊ ဘွဲ့တစ်ခုရရှိခြင်းတို့ဖြင့် ရောင့်ရဲတင်းတိမ်ကျေနပ်နေရန်မသင့်ဘဲ အခြားအသက်မွေးဝမ်းကျောင်းပညာများ ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူကြရပေမည်။

ယခုမျက်မှောက်ခေတ်တွင် IT(Information Technology) နည်းပညာများဖြင့် ချိတ်ဆက်ဆောင်ရွက်ပြီး မှန်ကန်မြန်ဆန်စွာ ရွှေ့လျားနေကြပြီဖြစ်သည်။ ထို့ကြောင့်ပင် အနာဂတ်ကို ဦးဆောင်မည့် လူငယ်များသည် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်သည်။ နည်းပညာဟူသည်မှာ သင်ယူတတ်မြောက်ထားသော ပညာများဖြင့် တီထွင်ကြံဆမှုများကို ပြုလုပ်နေခြင်းပင်ဖြစ်သည်။ လူငယ်များသည်လည်း နည်းပညာကို နားလည်မှ

> **❖ လူငယ်ဟူသည် ကျား၊မ မရွေး ပညာတတ်မြောက်ရန် လိုအပ်ပေသည်။ ပညာတတ်မြောက်မှသာလျှင် ခေတ်၏နောက်သို့ လိုက်ပါစီးမျှော၍ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် လူတို့နေထိုင်ရာ ကမ္ဘာကြီးသည်လည်း တစ်နှစ်ပြီးတစ်နှစ်၊ တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲလာသည်နှင့် အမျှ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာကြသည်။ ထိုသို့ ပြောင်းလဲလာခြင်းနှင့်အတူ နည်းပညာများလည်း ဆန်းသစ်လာကြသည်။ စာမေးပွဲအောင်မြင်ခြင်း၊ ဘွဲ့တစ်ခုရရှိခြင်းတို့ဖြင့် ရောင့်ရဲတင်းတိမ်ကျေနပ်နေရန်မသင့်ဘဲ အခြားအသက်မွေးဝမ်းကျောင်းပညာများ ကျွမ်းကျင်တတ်မြောက်အောင် လေ့လာထားသင်ယူကြရပေမည်။ ❖**

သာလျှင် ခေတ်နှင့်အညီ ပြောင်းလဲ၍ လူမှုပတ်ဝန်းကျင်တွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့၌ ခေတ်မီနည်းစနစ်များဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ အသစ်အသစ်သော နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာကြရမည်မှာ လူငယ်များ၏ တာဝန်တစ်ရပ်ပင်ဖြစ်သည်။

လူငယ်သည် နိုင်ငံ၏အနာဂတ်အတွက် အင်အားဖြစ်သည့်အလျောက် အနာဂတ်အတွက် အရင်းအနှီးကောင်းများဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်အတွက် ခံယူချက်လွဲမှားသော လူငယ်များမဖြစ်စေရေးအတွက် ယနေ့ကာလတွင် လူငယ်များကို အကောင်းဆုံး ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ ကုမုဒြာကြာပန်းသည် လရောင်ဆမ်းမှ လန်းဆန်းသကဲ့သို့ လူငယ်ဆိုသည်မှာလည်း ကိုယ်ကျင့်တရားကောင်းမွန်မှသာ လှပပေလိမ့်မည်။ ရုပ်ရည်လှပခြင်းထက် ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းဟူသော စိတ်အလှကို မွေးမြူထားရမည်ဖြစ်သည်။ နိုင်ငံ၏ အနာဂတ်တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းသည် လူငယ်တို့၏ ပညာတတ်မြောက်မှုပေါ်တွင် မူတည်သဖြင့် လူငယ်များပြုစုပျိုးထောင်ရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည်။ လူငယ်လေလွင့်မှုအရေအတွက် များပြားခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် အင်အားပြန်းတီးမှုပင်ဖြစ်သည်။

သို့ဖြစ်ရာ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြပြီး အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့်အင်အားစုတစ်ရပ်ဖြစ်ကာ အနာဂတ်ခေါင်းဆောင်များလည်းဖြစ်ကြသည်။ ထို့အတွက် လူငယ်မျိုးဆက်သစ်များသည် ပိုမိုထူးချွန်ထက်မြက်ပြီး လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်စွမ်းရှိရန် လွန်စွာအရေးကြီးလှ

> **❖ ရပေမည်။ ❖**

သည်။ လူငယ်များ၏အသံ၊ လူငယ်များ၏ သဘောထားအပေါ် အလေးထားနားထောင်၍ အားကောင်းခိုင်မာထိရောက်သော ဖွံ့ဖြိုးတိုးတက်သော လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်သည်။

အနာဂတ်နိုင်ငံတော်ကို ပုံဖော်ရေးဆွဲကြမည့် လူ့စွမ်းအားအရင်းအမြစ်များ

လက်ရှိအသက် ၁၅ နှစ်အရွယ် လူငယ်သည် လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း နိုင်ငံတွင် တစ်စုံတစ်ရာသော တာဝန်ကို ထမ်းဆောင်သူဖြစ်လာမည်ဖြစ်သည်။ မျိုးဆက်သစ်များ၏ တိုးတက်မြင့်မားမှုသည် နိုင်ငံတော်၏ တိုးတက်မြင့်မားမှုပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံရေးအစွန်းရောက်သူများက လူငယ်၊ လူရွယ်များကို အသိမှား၊ အမြင်မှား၊ အတွေးမှားများဖြစ်ပေါ်လာအောင် ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာသည်ကို အကြောင်းပြု၍ လူငယ်၊ လူရွယ်များကို လမ်းမှားရောက်အောင် တွန်းပို့ခဲ့ကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်၊ လူရွယ်များကို အတွေးမှန်၊ အမြင်မှန်၊ အသိမှန်၊ အလုပ်မှန်အောင် ဖန်တီးဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။ လူငယ်၊ လူရွယ်များဟူသည် စူးစမ်းလိုစိတ်၊ စွန့်လွှတ်စွန့်စားလိုစိတ်များဖြင့် တက်ကြွဖျတ်လတ်လှုပ်ရှားနိုင်သော အရွယ်များဖြစ်သည်။ မိသားစုအသိုင်းအဝိုင်းထက် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို ပိုမိုခင်တွယ်တတ်ကြသဖြင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်ကိုရှောင်ရှားပြီး ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ကောင်းများတွင် ကျင်လည်နိုင်စေရန် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ဖန်တီးပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း လူငယ်များကို အရည်အချင်းပြည့်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းလာစေရန်အတွက်လည်းကောင်း၊ လက်ရှိနိုင်ငံအခြေအနေ၏ လူငယ်ထု သို့မဟုတ် လုပ်သားအင်အားများပြားနေသည့် လူဦးရေဆုလာဘ်ကို ကောင်းစွာအသုံးပြု၍ ကဏ္ဍပေါင်းစုံတွင် အထူးအလေးထားဆောင်ရွက် အကောင်အထည်ဖော်ဆောင်မည့် ဘက်စုံလူငယ်ဖွံ့ဖြိုးမှုအစီအစဉ်များကို လမ်းပြနိုင်မည့် မူဝါဒတစ်ရပ်ဖြစ်သည့် လူငယ်ရေးရာမူဝါဒကိုလည်းကောင်း ခေတ်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်နှင့် စာပေအနုပညာပွဲတော်များ၊ ကျောင်းသားအားကစားပြိုင်ပွဲများ၊ လူငယ်ဇြိမ်းချမ်းရေးဖိုရမ်၊ နိုင်ငံတကာအစည်းအဝေးပွဲများ၌ လူငယ်များ တက်ရောက်ဆွေးနွေးစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ခေတ်စနစ်များ မည်သို့ပင်ဖြတ်သန်းပြောင်းလဲနေသည်ဖြစ်စေ လူငယ်မျိုးဆက်သစ်များအနေဖြင့် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စအပိုင်းများတွင် ထူးချွန်ထက်မြက်နေရမည်ဖြစ်သည်။ ထို့သို့ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းများနှင့် စွမ်းရည်မြှင့်တင်ရေးအပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် တန်ဖိုးရှိလှသော လူငယ်၊ လူရွယ်များသည် တိုင်းပြည်၏ အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများဖြစ်ပြီး နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သည်။ အနာဂတ်ဟူသည် လူငယ်တို့၏ မျှော်လင့်ချက်ပန်းတိုင်ဖြစ်သကဲ့သို့ မျှော်လင့်ချက်ပန်းတိုင်၏ အသီးအပွင့်များ ဝေဆာစွာလှပရန် အထူးလိုအပ်လှသည်။ နိုင်ငံတော်မှလည်း လူငယ်၊ လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ ပညာရည်တိုးတက်မြင့်မားစေရေး၊တိုင်းချစ်ပြည်ချစ်စိတ်များရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားတိုးတက်လိုသော စိတ်ဓာတ်များဖြစ်ပေါ်လာစေရေး စနစ်တကျ ပျိုးထောင်ပေးလျက်ရှိသည်။ ထို့သို့ ဆောင်ရွက်ပေးခြင်းသည် လူငယ်၊ လူရွယ်များ၏အနာဂတ်နှင့် တိုင်းပြည်၏အနာဂတ် ပိုမိုကောင်းမွန်ဖြစ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် လူငယ်များသည် မိမိကိုယ်ကို တန်ဖိုးမြှင့်တင်ခြင်းဖြင့် လူငယ်ဘဝကို တန်ဖိုးထားနေထိုင်သွားကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ကြီးတွင် ၁၈ ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲ ကျင်းပသွားမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ကြီးတွင် ၁၈ ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင် ဦးဘိုးသင်းထံမှသိရသည်။

မြန်မာ့ရိုးရာ ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲတွင် ထမနဲထိုးပြိုင်ပွဲများအပြင် ထမနဲဆွမ်းကပ်လှူခြင်းနှင့် ထမနဲစတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်တဲ့ ထမနဲပွဲတော်နဲ့ ထမနဲထိုးပြိုင်ပွဲကို ရွှေတိဂုံစေတီတော်မှာ ကျင်းပဖို့စီစဉ်နေပါတယ်။ ထမနဲပွဲတော်အတွက် ထမနဲတစ်ဒယ်ကို ငွေကျပ်တစ်သိန်းနှုန်းနဲ့ ပါဝင်လှူဒါန်းနိုင်ပြီး ထမနဲအလှူရှင်တွေကိုလဲ ထမနဲတွေ ပြန်လည်ဝေမျှမှာ ဖြစ်ပါတယ်။ ဘုရားကြီး ပရဝဏ်အတွင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေကို လှူဒါန်းမှာဖြစ်သလို ဘုရားဖူးပြည်သူတွေကိုလဲ စတုဒိသာ ကျွေးမွေးလှူဒါန်းမှာ ဖြစ်ပါတယ်" ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

အဆိုပါ ထမနဲလှူဒါန်းပွဲအတွက် ဇန်နဝါရီ ၃၁ ရက်ညနေ ၃ နာရီတွင် ရွှေတိဂုံစေတီတော်၏ ဘာသာရေး အသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ရွှေတိဂုံစေတီတော် အရှေ့ဘက်အောက် ပစ္စယာ ထန်းပင်ကုန်းကွင်းတွင် ထမနဲထိုးပြိုင်ပွဲကျင်းပပြီး တပို့တွဲလပြည့်နေ့ဖြစ်သော ဖေဖော်ဝါရီ ၁ ရက် နံနက် ၅ နာရီ မိနစ် ၃၀ တွင် စေတီတော်ကြီးအား ထမနဲဆွမ်းတော် ကပ်လှူမည်ဖြစ်ကာ နံနက် ၆ နာရီ မိနစ် ၃၀ တွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဘုရားအမှူးရှိသော သံဃာတော် ၆၄ ပါးအား ဆွမ်းဆန်တော်များ လောင်းလှူကြမည် ဖြစ်ကြောင်း သိရသည်။

ASH

Minecraft နောက်ဆက်တွဲ ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှုကို ဗြိုလအတွင်း စတင်ရန်စီစဉ်

နယူးယောက် ဇန်နဝါရီ ၂၃

Minecraft နောက်ဆက်တွဲ ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် ဗြိုလအတွင်း စတင်ရန် ဝါနာဘရားသားကုမ္ဗဏီက စီစဉ်ထားကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

Minecraft ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှု စတင်မည့်ရက်ကို မင်းသား ဂျေဆင်မိုမိုအာက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းသား ဂျေဆင်မိုမိုအာသည် ပထမဆုံး Minecraft ဇာတ်ကားဖြစ်သည့် A Minecraft Movie ဇာတ်ကား (၂၀၂၅) တွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဗြိုလအတွင်း ရုံတင်ခဲ့သော A Minecraft Movie ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၉၅၈ သန်းထိ ရရှိခဲ့သည်။

Minecraft နောက်ဆက်တွဲ ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျရက်ဟက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ ခရစ်ဂယ်လက်တာနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ဗဏီသည် Minecraft ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် ဧပြီလ ၂၃ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

တေးသံရှင် ညီမင်းခိုင်၊ သားငယ်၊ ချမ်းမြေ့မောင်ချို့တို့၏ တစ်ဦးတည်းသော နွယ်နီရဲ့အင်္ဂေ့အသက်များ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်

ရန်ကုန် ဇန်နဝါရီ ၂၃

တေးသံရှင် ညီမင်းခိုင်၊ သားငယ်၊ ချမ်းမြေ့မောင်ချို့တို့၏ တစ်ဦးတည်းသော နွယ်နီရဲ့အင်္ဂေ့အသက်များ တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့် မြို့နယ်ရှိ THOR Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် သားငယ်ထံမှ သိရသည်။

အဆိုပါ တစ်ဦးတည်းသော နွယ်နီရဲ့အင်္ဂေ့အသက်များ တေးဂီတဖျော်ဖြေပွဲတွင် သီဆိုဖျော်ဖြေမည့် တေးသံရှင်များနှင့်အတူ HI BIRD BAND တေးဂီတအဖွဲ့က လည်း အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"THOR Bar မှာ ဇန်နဝါရီ ၂၇ ရက်ညမှာ ကိုညီမင်းခိုင်၊ ချမ်းမြေ့မောင်ချို့တို့နဲ့အတူ ရှိနေပါမယ်။ ကျွန်တော်တို့ရဲ့သီဆိုမှုတွေကို HI BIRD BAND တေးဂီတအဖွဲ့ကလဲ အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ Music Event ကို တစ်ဦးတည်းသော နွယ်နီရဲ့အင်္ဂေ့အသက်များ(TRI NIGHT) လို့အမည်ပေးထားပါတယ်။ ဒီလို အမိုက်စားညမျိုးကို လက်မလွတ်တမ်းခံစားနိုင်ဖို့ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် သားငယ်က ပြောပြသည်။

ASH

The Exorcist ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ၂၀၂၇ ခုနှစ် မတ် ၁၂ ရက်ထိ နောက်ဆုတ်ထား

နယူးယောက် ဇန်နဝါရီ ၂၃

The Exorcist ရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ပြသမည့်ရက်ကို ယူနီဗာဆယ် ရုပ်ရှင်ကုမ္ဗဏီက ၂၀၂۷ ခုနှစ် မတ် ၁၂ ရက်ထိ နောက်ဆုတ်ထားကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

ယူနီဗာဆယ် ရုပ်ရှင်ကုမ္ဗဏီသည် မူလက The Exorcist ဇာတ်ကားကို ယခုနှစ် မတ် ၁၃ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

The Exorcist ဇာတ်ကားသည် ဒါရိုက်တာ မိုက်ဖလာနာဂန် ရိုက်ကူးပေးထားသည့် ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီးစကားလက်ရျိုဟန်ဆင်နှင့်မင်းသား ဂျာကိုဘီဂျုတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

The Exorcist ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မိုက်ဖလာနာဂန်ကပင် ရေးသားပေးထားသည်။

ဒါရိုက်တာ မိုက်ဖလာနာဂန်သည် The Exorcist ဇာတ်ကား၌ ထုတ်လုပ်သူတစ်ဦးအဖြစ် တာဝန်ယူထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မေပယ် ကျွန်တော်နှင့် မိုး ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၂၃

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မေပယ် ကျွန်တော်နှင့် မိုး ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ မေပယ် ကျွန်တော်နှင့် မိုး ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် သဇင်နွယ်ဝင်းထံမှ သိရသည်။

မေပယ် ကျွန်တော်နှင့် မိုး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဘုန်းသက်ပိုင်စိုးက ရေးသားထားပြီး ရွှေနဒီရွှေရည် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဘုန်းသက်ပိုင်စိုးက တာဝန်ယူ ပုံဖော်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"ဇင်က မေပယ် ကျွန်တော်နှင့် မိုး ဇာတ်လမ်းတွဲမှာ ခင်သစ္စာဆိုတဲ့ အိမ်ထောင်ရှင် အမျိုးသမီး တစ်ယောက်နေရာမှာ သရုပ်ဆောင်မှာ ဖြစ်ပါတယ်။ အိမ်ထောင်တစ်ခုမှာ အချစ်တစ်ခုထဲနဲ့ တည်ထောင်လို့မရလို့ နားလည်မှုတွေ၊ သစ္စာရှိမှုတွေ၊ လေးစားမှုတွေ လိုအပ်ပါတယ်။ ပရိသတ်တွေ အနေနဲ့ လောင်ရမဲ့ဇာတ်မျိုးမဟုတ်ဘဲ ရသတစ်မျိုးလေးတော့ ပေးမှာပါ"ဟု သရုပ်ဆောင် သဇင်နွယ်ဝင်းက ပြောပြသည်။

မေပယ် ကျွန်တော်နှင့် မိုး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်မင်းခန့်၊ အုပ်စိုးခန့်၊ မင်းဟိန်း၊ သီဟတင်အောင်စိုး၊ စံရတီမိုးမြင့်၊ သဇင်နွယ်ဝင်း၊ ဝါဝါမေမောင်၊ ဆုထက်ကုဋ္ဌေ၊ ယွန်းဝင့်လွှာအောင်၊ စီလာဝင်းနှင့် အခြားသရုပ်ဆောင်များ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

Businesspersons send large number of broken rice bags to Yangon market in December

A large stock of rice in a warehouse.

Yekyi January 23

Local businesspersons from Yekyi Township of Ayeyawady Region dispatched a large number of broken rice bags to Yangon market in December, said Daw Su Su Htwe, the owner of rice and paddy trading depot in Yekyi Township.

Only up to 50,000 bags of 24-pyi broken rice were shipped and sold from Yekyi Township to the Yangon market during the one-month period in November, while up to 64,000 bags of 24-pyi broken rice were shipped and sold within one month from 1 to 31 December. Demand for broken rice produced in the area remains strong in the Yangon market.

"Broken rice is mainly shipped and sold to the Yangon market. From our side, broken rice bags and other export goods are mostly transported by cargo trucks. Demand for broken rice increased noticeably over the past month. Trading depot operators have been continuously shipping and selling broken rice. With shipments proceeding smoothly without major difficulties, traders are also doing well. However, the quality of broken rice needs to be good," said Daw Su Su Htwe.

Broken rice shipped and sold from Yekyi Township to the Yangon market is currently trading at around K52,000 per 24-pyi bag. As shipments and sales of broken rice have increased and better prices are being obtained, rice and paddy traders, trading depot owners, cargo handlers, and freight truck rental operators are benefiting. Kyaw Kyaw Lin

Minkin Township exceeds target acres in winter corn cultivation

Minkin January 23

Winter-season corn planting in the township has exceeded the targeted acreage, according to the statistics of the Department of Agriculture for Minkin Township.

In the 2025-2026 winter crops planting season, Minkin Township has planned to plant 1,116 acres of seed corn and 6,022 acres of millets, a total of 7,138 acres. The planting began in October 2025. To date, 1,147 acres of seed corn and 6,263 acres of millets, a total of 7,410 acres, have been planted.

"We are providing education and awareness to ensure the success of corns," said Daw Hay Man Kyaw Win, head of the Department of Agriculture for Minkin Township.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over 500,000 kyats.

206

Phaungpyin Township completes harvest of rainfed paddy

Phaungpyin January 23

All of the paddy planted during the rainy season has been harvested in Phaungpyin Township, Mawlaik District, Sagaing Region, according to the statistics from the Department of Agriculture for Mawlaik District.

During the rain crops planting season, 54,440 acres of paddy were planted in Phaungpyin Township, and the paddy fields were harvested from October 2025. As of today, all of the paddy fields have been harvested, yielding 81.02 baskets per acre.

"The necessary technology and seeds have been provided for paddy planting. Farmers have been provided with field assistance to plant paddy on time," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

Monsoon paddy being harvested using machinery.

The relevant township agriculture department and local farmers have cooperated to ensure that paddy planting was carried out systematically without any difficulties.

In Phaungpyin Township, farmers planting rainfed rice were provided with agricultural technology, awareness on pest control, crop damage prevention, and timely delivery of harvested rice under shelter. 206

EU has serious doubts about U.S.-proposed Board of Peace, says EU Council president

Brussels January 23

The European Union (EU) has serious doubts about the Board of Peace proposed by the United States and will defend itself against any form of coercion, European Council President Antonio Costa said after the council's emergency summit concluded shortly after midnight Thursday.

Costa said at a news conference that the EU has serious doubts about many elements of the Board of Peace, including its scope, governance and compatibility with the UN Charter.

He also said that the bloc will "defend itself" against any form of coercion and continue to protect its interests, including those of its member states, citizens and businesses, against any attempts at pressure.

He added that the EU has the necessary tools and capabilities, which it will use when needed.

The EU leaders held an emergency summit in Brussels on Thursday evening to discuss the latest U.S. threats and remarks related to Greenland and to assess possible next steps.

Xinhua

European Council President Antonio Costa attends a press conference after an emergency summit held in Brussels, Belgium, Jan. 23, 2026.

Iran says 10 foreign intelligence services behind recent unrest

Tehran January 23

Iran's Islamic Revolution Guards Corps (IRGC) said Friday that 10 foreign intelligence services were behind recent "terrorist" incidents in the country.

In a statement on its official outlet Sepah News, the IRGC described the incidents as part of a failed "U.S.-Israeli plan" to threaten Iran's territorial and national integrity. It said a foreign "command room" was set up after a 12-day conflict in June to create internal chaos, provoke military intervention, and mobilize groups seen as a threat, without providing evidence.

The IRGC said it had disrupted the plots from June through late December, detaining 735 people linked to "anti-security networks," guiding 11,000 "vulnerable individuals," and seizing 743 illegal weapons.

Separately, Iranian Parliament Speaker Mohammad Bagher Ghalibaf called the unrest a "quasi-coup" backed by the United States and Israel, according to the official IRNA news agency. He made the remarks during a Thursday call with his Turkish counterpart Numan Kurtulmus, in which he thanked Türkiye for its policy of non-interference in Iran's domestic affairs.

Protests erupted across Iran last month over economic grievances before taking on a political dimension and turning violent, leading to casualties and widespread damage to public property, mosques, government buildings, and banks. Iranian authorities have blamed the United States and Israel for inciting the unrest. Xinhua

Dabayin Township exceeds cultivation of sweet corns this year

Young sweet plants are thriving in the farm.

Dabayin January 23

According to YeU District Agriculture Department, local farmers cultivated sweet corns on the croplands exceeding the target cultivation in Dabayin Township of Sagaing Region.

During the 2025-2026 winter cropping season, Dabayin Township planned to cultivate 8,404 acres of sweet corn. Planting began in October 2025, and as of now, a total of 9,123 acres have been planted, exceeding the original target.

"In Dabayin Township, while 8,404 acres of sweet corn were initially planned, planting has been completed on 9,123 acres. At present, cultivation has exceeded the target acreage. To ensure successful crop growth, we have provided awareness and guidance, including measures to prevent pest and disease infestations. Sweet corn cultivation has been increasing year by year," said U Zaw Myint Htun, District Head of the Department of Agriculture for YeU District.

In Dabayin Township, the Township Department of Agriculture has been providing support to sweet corn farmers through training courses, field demonstrations, early prevention of fall armyworm infestations, and the promotion of integrated crop protection systems. This includes the use of neem-based pesticides as well as ginger- and chilli-based botanical pest control methods, along with other agricultural extension services.

In terms of production, sweet corn cultivation in Dabayin Township yields about 15,000 ears per acre. The cost of cultivating one acre of sweet corn is reported to exceed K500,000. 206

Farmers expand sown acreage of vegetables in KhinU Township

KhinU January 23

Sown acreage of vegetables has been expanded in KhinU Township of Sagaing Region this year, according to the statistics of KhinU Township Agriculture Department.

During the 2025-2026 winter cropping season, KhinU Township planned to cultivate 9,869 acres of vegetable crops. Planting began in October 2025, and as of now, a total of 9,959 acres have been successfully cultivated, according to available information.

"During the winter cropping season in KhinU Township, vegetable cultivation was planned on 9,869 acres, and planting has now been completed on 9,959 acres. At present, we have been able to expand cultivation beyond the original target area. The crops include mustard greens, chilli, culinary herbs and spices, potato, cabbage, eggplant, and gourd crops. Farmers are being provided with technical guidance to ensure that all vegetables are cultivated under the GAP system. We have also provided farmers with techniques to grow vegetables in a way that is safe for health and minimizes chemical residues," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

In KhinU Township, the Township Department of Agriculture is providing vegetable farmers with technical training on cultivation under the GAP system, guidance to ensure that vegetables produced from farms meet health standards, and support to encourage the expansion of vegetable cultivation.

KhinU Township cultivates a wide variety of seasonal vegetables every year. As a result, the vegetables grown have been successful, contributing to household income. The Township Department of Agriculture is also providing farmers who plan to grow vegetables with education on correct cultivation methods, pest prevention, and the preparation and use of natural fertilizers, natural pesticides, and pest control solutions. 206

More than 12,000 acres of black gram planted in Myaung Township

Myaung January 23

Sagaing District Agriculture Department stated that local farmers planted 12,502 acres of black gram as cold season crops in Myaung Township of Sagaing Region this year.

During the 2025-2026 winter cropping season, Myaung Township planned to cultivate 12,455 acres of black gram. Planting began in October 2025, and as of now, a total of 12,502 acres have been cultivated, exceeding the original target.

"During the winter cropping season in Myaung Township, a total of 12,455 acres of black gram were initially planned, and cultivation has now been completed on 12,502 acres. During the planting period, we have been providing field-based support, including the necessary cultivation techniques, seed varieties, and methods for preventing pests and diseases," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture.

In Myaung Township, the Township Department of Agriculture has been providing agricultural extension services to black gram farmers. These include guidance on obtaining locally suitable quality and pure seed varieties, applying correct cultivation techniques, preventing pest infestations, systematically using chemical fertilizers, and improving crop yields.

During this year's winter cropping season, in the cultivation of various pulses, the relevant Township Department of Agriculture has been working in cooperation with farmers to provide quality seed varieties, agricultural inputs, and post-harvest technologies necessary to ensure good yields and quality of pulse crops. 206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Sagaing District expands sown acreage of onions in cold season

Sagaing January 23

Statistics of Sagaing District Agriculture Department stated that local farmers could expand sown acreage of onions in Sagaing District of Sagaing Region this year.

During the 2025-2026 winter crop growing season, a total of 4,765 acres of onions were planned for cultivation in Sagaing District, Sagaing Region. Planting began in October 2025, and as of now, 1,914 acres have been planted in Sagaing Township, 1,077 acres in Myinmu Township, and 1,855 acres in Myaung Township, bringing the total planted area to 4,846 acres.

"In the winter cropping season in Sagaing District, onions were planned for cultivation on 4,765 acres, and planting has already been completed on 4,846 acres," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture. "At present, cultivation has exceeded the target acreage. Onion cultivation is proceeding as usual, and efforts are also being made to link farmers with markets so that they can obtain good prices."

For the 2025-2026 winter cropping season, the township-wise onion cultivation targets in Sagaing District were set at 1,802 acres in Sagaing Township, 1,110 acres in Myinmu Township, and 1,853 acres in Myaung Township, totalling 4,765 acres.

In Sagaing District, the respective township Departments of Agriculture are providing support to onion farmers by facilitating market linkages to ensure better prices, offering technical guidance to improve storability, promoting cultivation using GAP (Good Agricultural Practices), and working to produce high-quality onions.

Onion farmers reportedly incur production costs of around K1.8 million per acre, with an average yield of about 5,000 viss per acre.

In Sagaing Region, onions are widely cultivated, with the main onion-growing townships being Monywa, Yinmabin, ChaungU, Shwebo, and Myinmu. 206

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

တူကီယဲထုတ် TOLGA တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကာတာနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ရောင်းချမည်

တူကီယဲနိုင်ငံထုတ် TOLGA တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ကာတာနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ရောင်းချရန်နှင့် ဒုဗာမြို့တွင် ပူးတွဲစစ်လက်နက်ထုတ်လုပ်ရေး လုပ်ငန်းတစ်ခုတည်ထောင်ရန် နှစ်နိုင်ငံသဘောတူညီချက်ရရှိခဲ့ကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်ကို ဒုဗာမြို့၌ ကျင်းပသည့် နိုင်ငံတကာရေကြောင်းကာကွယ်ရေးပြပွဲ (DIMDEX 2026) တွင် အတည်ပြုခဲ့ခြင်းဖြစ်ပြီး တူကီယဲနိုင်ငံ Makine ve Kimya Endüstrisi (MKE) ကုမ္ပဏီနှင့် ကာတာနိုင်ငံ Barzan Holding ကုမ္ပဏီတို့ကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခဲ့ကြသည်။ ဤပူးပေါင်းဆောင်ရွက်မှုအရ ကာတာနိုင်ငံမြေပေါ်တွင် ဖက်စပ်ကုမ္ပဏီတစ်ခုတည်ထောင်ကာ ယမ်းဘီလူးနှင့်ခဲယမ်းမီးကျောက်များကို ကိုယ်တိုင်ထုတ်လုပ်နိုင်မည့်အပြင် TOLGA တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်ကိုလည်း ပြည်တွင်း၌ပင် တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

MKE ကုမ္ပဏီထုတ် TOLGA တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်သည် ခေတ်သစ်စစ်မြေပြင်တွင် အဓိကခြိမ်းခြောက်မှုဖြစ်လာသည့် အသေးစား ဒရုန်းများ (Mini/Micro UAVs)၊ တိကျပွဲ့ဒုံးထိန်းကျည်များနှင့် ခရုဇ်ဒုံးကျည်များကို တန်ပြန်ရန် အထူးဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ဤစနစ်တွင် ၁၀ ကီလိုမီတာ အတွင်း ပစ်မှတ်ကို ထောက်လှမ်းခြေရာခံနိုင်သည့် ရေဒါ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှောင့်ယှက်မှုစနစ် (EW Jammer) နှင့် ၃၅ မမ၊ ၂၀ မမ၊ ၁၂ ဒသမ ၇ မမ စက်အမြောက်များ ပေါင်းစပ်ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

အဓိကထူးခြားချက်မှာ MKE ကုမ္ပဏီက ထုတ်လုပ်ထားသည့် အဆင့်မြင့်ဒရုန်းတိုက်ခိုက်ရေးခဲယမ်း (Anti-drone ammunition) အမျိုးအစားများ ဖြစ်သည်။ အဆိုပါခဲယမ်းများသည် ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ရန်မလိုအပ်ဘဲ ပစ်မှတ်အနီးတွင် ကြိုတင်ပေါက်ကွဲကာ ပေါက်ကွဲစများဖြင့် ဖျက်ဆီးပစ်ခြင်းဖြစ်သည်။ TOLGA စနစ်သည် ၃၅ မမ စက်အမြောက်ဖြင့် မီတာ ၃၀၀၀ အကွာအဝေးထိလည်းကောင်း၊ ၂၀ မမ စက်အမြောက်ဖြင့် မီတာ ၁၀၀၀ ထိလည်းကောင်း၊ ၁၂ ဒသမ ၇မမ စက်အမြောက်ဖြင့် မီတာ ၃၀၀ ထိလည်းကောင်း အသီးသီးပစ်ခတ်ဟန့်တားနိုင်စွမ်းရှိသည်။ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်နိုဝင်ဘာလက ပြုလုပ်ခဲ့သော စမ်းသပ်မှုများတွင် TOLGA စနစ်သည် ပစ်မှတ်ပေါင်းစုံကို ရာနှုန်းပြည့်တိကျစွာပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

တူကီယဲနိုင်ငံ၏ သံမဏိအမိုးအကာ (Steel Dome) လေကြောင်းရန်ကာကွယ်ရေးမူဘောင်တွင် TOLGA တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်သည် အမြင့်ပေ ၃၀၀၀ အောက်ရှိ အနိမ့်ပျံခြိမ်းခြောက်မှုများကို နောက်ဆုံးခံစစ်စည်းအဖြစ် တားဆီးပေးနိုင်သည့်စနစ်ဖြစ်သည်။ ကာတာနိုင်ငံအတွက်မူအဆိုပါစနစ်ကို ဝယ်ယူခြင်းဖြင့် ၎င်းတို့၏ ရေနံချက်စက်ရုံများ၊ လေဆိပ်များနှင့် ဆိပ်ကမ်းများကဲ့သို့ အရေးကြီး အခြေခံအဆောက်အအုံများကို ဒရုန်းအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။

ယခုသဘောတူညီချက်သည် သမားရိုးကျ လက်နက်အရောင်းအဝယ်သာမကဘဲ နည်းပညာလွှဲပြောင်းပေးခြင်းနှင့် ပူးတွဲထုတ်လုပ်ခြင်းတို့ ပါဝင်သောကြောင့် ကာတာနိုင်ငံ၏ ကိုယ်ပိုင်ကာကွယ်ရေးစက်မှုလုပ်ငန်း တည်ဆောက်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

Türkiye's MKE Secures First Export of TOLGA Short-Range Air Defense System to Qatar at DIMDEX 2026 ကို ဘာသာပြန်ဆိုထားပါသည်။

ယူကရိန်းက ပြည်တွင်းထုတ် ODIN တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို လက်တွေ့စမ်းသပ်မှုပြုလုပ်နိုင်ခဲ့

ယူကရိန်းနိုင်ငံ ကာကွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် CENTRE ZAKHYST သည် တိုက်ခိုက်ရေးဒရုန်းများကို ကြားဖြတ်တိုက်ခိုက်ရန်အတွက် ပြည်တွင်း၌ပင် ထုတ်လုပ်ထားသော ODIN တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီး လက်တွေ့တိုက်ပွဲဝင် စမ်းသပ်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရသိရသည်ဟု Defence Blog သတင်းဌာနက ဇန်နဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

CENTRE ZAKHYST ကုမ္ပဏီ၏ ထုတ်ပြန်ပြောကြားချက်တွင် အဆိုပါစနစ်ကို တိုက်ပွဲဝင် အခြေအနေများအတွင်း အကောင်အထည်ဖော်ထားပြီး လေ့ကျင့်ရေးကွင်းများတွင်သာမက ရှေ့တန်းကျကျ စစ်မျက်နှာများတွင်ပါ လေကြောင်းခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ကာ စွမ်းဆောင်ရည်ကို လက်တွေ့အကဲဖြတ်ခဲ့ပြီး ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် ဖြန့်ကြက်ထားသည့် လက်နက်စနစ်အရေအတွက်သို့မဟုတ်မည်သည့်တပ်ဖွဲ့များက အသုံးပြုနေသည်ဆိုသည့် အသေးစိတ်ကိုမူ ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်းသိရသည်။ CENTRE ZAKHYST ၏ ထုတ်ပြန်ချက်အရ ဤနည်းလမ်း၏ အဓိကအချက်မှာ ခက်ခဲသောစစ်မြေပြင်ပတ်ဝန်းကျင်များတွင် အလုပ်လုပ်နိုင်ရန် ပြည်တွင်း၌ပင် ကိုယ်တိုင်ထုတ်လုပ်ထားသည့် ODIN Win-Hit အရှိန်ပြင်းကြားဖြတ် တိုက်ခိုက်ရေးဒရုန်းဖြစ်သည်။ အဆိုပါကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို Shahed အမျိုးအစား အသေခံတိုက်ခိုက်ရေးဒရုန်းများ အပါအဝင် အနိမ့်ပျံလေကြောင်းပစ်မှတ်များကို တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားခြင်း ဖြစ်သည်။

CENTRE ZAKHYST ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ODIN Win-Hit ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ CENTRE ZAKHYST (300 km/h) ထိ အရှိန်မြှင့်တင်နိုင်သဖြင့် လျင်မြန်စွာရွှေ့လျားနေသော ပစ်မှတ်များကို အချိန်တိုအတွင်း လိုက်လံတိုက်ခိုက်နိုင်စွမ်းရှိသည်။ ဤစနစ်ကို မြေပြင်အခြေစိုက်စခန်းများ၊ လက်ကိုင်ပစ်လွှတ်စနစ်များ သို့မဟုတ် သယ်ယူပို့ဆောင်ရေး လေယာဉ်များပေါ်မှလည်း ပစ်လွှတ်နိုင်သောကြောင့် စစ်ဆင်ရေးလိုအပ်ချက်အပေါ် မူတည်၍ ပြောင်းလွယ်ပြင်လွယ်ရှိစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ODIN တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် နေ့ခင်းဘက်၊ မိုးချုပ်ကာစ အချိန်နှင့် ညဘက်စစ်ဆင်ရေးများကိုပါ ပံ့ပိုးပေးနိုင်သဖြင့် မည်သည့်အခြေအနေမျိုးတွင်မဆို အဆက်မပြတ်ကာကွယ်ပေးနိုင်သည်။ ထို့ပြင် စနစ်၏ယုံကြည်စိတ်ချရမှုနှင့် စစ်ဆင်ရေးထိရောက်မှုကို အတည်ပြုနိုင်ရန်အတွက် တိုက်ပွဲဝင်အခြေအနေများအောက်တွင် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း CENTRE ZAKHYST ကုမ္ပဏီက ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့ဝင်များက စစ်ဘက်နှင့် အရပ်ဘက် အခြေခံအဆောက်အအုံများအပေါ် တိုက်ခိုက်ရေးဒရုန်းများကို ဆက်လက်အသုံးပြု တိုက်ခိုက်နေချိန်တွင် ယူကရိန်းသည် ပြည်တွင်းဖြစ် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး နည်းပညာများအပေါ် ပိုမိုမှီခိုလာခဲ့ရသည်။ ၎င်းကို တို့ပြန်သည့် အနေဖြင့် ယူကရိန်းထုတ်လုပ်သူများသည် လက်ရှိ လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များကို အားဖြည့်ပေးနိုင်ရန်အတွက် ကုန်ကျစရိတ်သက်သာပြီး လျင်မြန်စွာဖြန့်ကြက်နိုင်သော ကြားဖြတ်တိုက်ခိုက်ရေးစနစ်များကို အဓိကထားအာရုံစိုက်လာကြခြင်းဖြစ်သည်။ CENTRE ZAKHYST ကုမ္ပဏီအနေဖြင့် ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့များကို ပံ့ပိုးရန်အတွက် ၎င်းတို့၏ နည်းပညာများကို ဆက်လက်မြှင့်တင်သွားရန် အာရုံစိုက်ထားကြောင်း ပြောကြားခဲ့သော်လည်း အဆိုပါစနစ်ကို တရားဝင်တိုက်ပွဲဝင်ဖြန့်ကြက်နေမှုများနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကိုမူ ထုတ်ဖော် ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

Ukrainian firm develops ODIN anti-drone interceptor ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲစင်းငုံ ၃၆၃၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ကန့်ဘလူ ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၃၆၃၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၃၃၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံ စိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၆၃၆ ဧကရိတ်သိမ်းပြီး စီးနေပြီး တစ်ဧကလျှင် ၁၄ ဒသမ ၉၄ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲစင်းငုံ ၁၂၃၃၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲစင်းငုံခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်" ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး တို့ကို အထွက်နှုန်းကောင်းမွန်ရေး အတွက် ကွင်းဆင်းအသိပညာပေး လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ကျုံပျော်မြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ် ကောင်းမွန်နေ

ကျုံပျော် ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ငါးပုတ်သင်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ကျုံပျော်မြို့နယ် ငါးဈေးကွက်အတွင်း ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ငါးပုတ်သင်များဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုအရောင်းအဝယ် ကောင်းနေပါတယ်။ စားသုံးတဲ့သူများလာတာကြောင့် အရောင်းအဝယ်ဖြစ်နေတာပါ။ အဓိကကတော့ ရန်ကုန်ဈေးကွက်ဘက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးပုတ်သင်တွေ အဝယ်လိုက်လာ လို့ဖြစ်ပါတယ်။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အား တက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်" ဟု ကျုံပျော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များ အပါအဝင် ဒေသရေထွက်ကုန်များကို စနစ်တကျသန့်စင် ထုပ်ပိုးကာ ဝယ်ယူသည့်ဒေသများသို့ ဖြန့်ဖြူး တင်ပို့ရောင်းချလျက် ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာ လျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

တောင်တွင်းကြီးမြို့နယ် ကျွဲဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

တောင်တွင်းကြီး ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွဲဖြူကန် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင် အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျွဲဖြူကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၆၃၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ ကျွဲဖြူကန်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ် ၅၇၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ်သိန်း ၅၀၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၈ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၃၀ ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်

မချမ်းဘော့မြို့နယ် အလန်ဂါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မချမ်းဘော့ ဇန်နဝါရီ ၂၃

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အလန်ဂါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အလန်ဂါးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၃ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၁ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတံသီ။ ရေတံကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ်မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များရေးသားခြင်း၊ ထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရောလုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ်အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊အဖွဲ့အစည်းများမှမြို့ရွာအသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘောရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အားသုံးစွဲပြီး ထိုအမည်အား အမုန်းစကား(Hate Speech)များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

သတင်းအဖွဲ့

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စဉ့်ကူးမြို့တွင် ပြန်လည်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာထမ်း၊အမှုထမ်းများကို ပို့ဆောင်နှုတ်ဆက်

မန္တလေး ဧန်နဝါရီ ၂၃

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများကို ယခုနှစ် ဧန်နဝါရီ ၁၉ ရက်တွင် တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုကို လိုအပ်သည့်ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ယနေ့နံနက်ပိုင်းက မန္တလေးမြို့မှ စဉ့်ကူးမြို့သို့ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများကို နွေးထွေးစွာတွေ့ဆုံအားပေးကာ ချီးမြှင့်ငွေများပေးအပ်ပြီး ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားခဲ့သည့် ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်မည်ဖြစ်ပြီး ဒေသတွင်းကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ပုံမှန်အတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မျိုးကျော်

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဧန်နဝါရီ ၂၃

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

နိပေါနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Dr. Janaki Kumari Tuladhar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်လည်းကောင်း ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Yich Samethy ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွာနိုင်ငံမှ Mr. Mario Jose Armengol Camposဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှင့် International Conference of Asian Political Parties (ICAPP) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Dr. Chheng Kimlong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက် ရောက်ရှိကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဆင်းပွဲများကို တိုင်းစစ်ဌာနချုပ်အလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများ အနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့်အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Sprit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

“ရရှိခဲ့တဲ့ဆုကတော့ စစ်ရေးပြအကောင်းဆုံးဆုပါ။ တော်တော်လေးသင်ကြားခဲ့ရပါတယ်။ တော်တော်လဲ ခက်ခဲပါတယ်။ စစ်ရေးပြဆုဆိုတာကလဲ လွယ်တော့မလွယ်ပါဘူး။ တော်တော်လေးလဲ ကြိုးစားခဲ့ရပါတယ်။ အများကြီးကြားထဲကမှ တစ်ယောက်တည်း ထူးထူးချွန်ချွန်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တပ်မတော်ကိုဝင်လာတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ ကျွန်တော့်အဖေကလဲ စစ်မှုထမ်းပါ။ကျွန်တော့်အစ်ကိုလဲစစ်မှုထမ်းပါပဲ။ ဒီနိုင်ငံကိုဖျက်ဆီးနေတဲ့ ဒီသောင်းကျန်းသူလက်နက်ကိုင်တွေကို ချေမှုန်းချင်တဲ့စိတ်လဲပါပါတယ်။ အဲ့ဒီရည်ရွယ်ချက်ကြောင့် ဝင်လာတာပါ။ ကျွန်တော်တို့ စစ်သားဘဝကဘယ်နေရာရောက်ရောက် တာဝန်ထမ်းဆောင်ရမှာပဲဖြစ်ပါတယ်။ ရောက်တဲ့နေရာ

မှာလဲ ကိုယ့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်မှာပါ”ဟုပြောသည်။

“ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ ကျင့်ဝတ် ၆၀ ဆုဖြစ်ပါတယ်။ ကျွန်တော် ကျင့်ဝတ် ၆၀ တစ်စောင်လုံးကို အလွတ်ကျက်ခဲ့ပါတယ်။ တပ်မတော်ကခေါ်ဆောင်တဲ့ ပြည်သူ့စစ်မှုထမ်းကာလမှာ အရပ်သားတွေမသိတဲ့ စစ်ပညာတွေကို ကျွန်တော်တို့ လေ့လာခွင့်ရရှိခဲ့ပါတယ်။ အဲ့ဒီအတွက်လဲ တပ်မတော်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ စစ်မှုထမ်းသက်တမ်းပြည့်တဲ့အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပဲ့မယ်လို့ သန္ဓိဋ္ဌာန်ချထားပါတယ်။ တပ်မတော်ဆိုတာ ပြည်သူလူထုကို ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ မိမိရောက်ရှိတဲ့ တပ်ရင်းတွေမှာ၊ မိမိရောက်တဲ့ဒေသ၊ မိမိရောက်ရှိတဲ့ စစ်တိုင်းဌာနချုပ်တွေမှာ ပြည်သူလူထုကို ကာကွယ်ဖို့တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်”ဟုပြောသည်။

ထို့နောက် ညပိုင်းတွင်သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၁/၂၀၂၆
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၆ ရက်
(၂၀၂۶ ခုနှစ် ဧနီလ ၂၃ ရက်)

စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ (ခ)အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ
အောင်လင်းခွေး
အမှုဆောင်ချုပ်

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၂/၂၀၂၆
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၆ ရက်
(၂၀၂۶ ခုနှစ် ဧနီလ ၂၃ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(၁) ဦးသက်ဝင်းအောင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
(၂) ဗိုလ်ချုပ်မင်းသူ ပြည်ထဲရေးဝန်ကြီးဌာန
(၃) ဦးသွင်အောင် စက်မှုဝန်ကြီးဌာန

အမိန့်အရ
အောင်လင်းခွေး
အမှုဆောင်ချုပ်

ပိတ်ရက်ရှည်ကာလအတွင်း ပုဂံသို့ ခရီးသွား စည်ကားစွာဝင်ရောက်မည်ဟု ခန့်မှန်းထား၍ ခရီးသွားလုပ်ငန်းများနှင့် ဒေသခံတို့ ကြိုတင်ပြင်ဆင်ထား

ဓာတ်ပုံ - ဇွဲမာန်

ရန်ကုန် ဧနီလ ၀၇ ရက်

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးတည်ရှိရာ ပုဂံဒေသသို့ ရုံးပိတ်ရက်ရှည်ကာလ၌ ခရီးသွားမပြတ်ဝင်ရောက်လေ့ရှိရာ ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မှစ၍ ဖေဖော်ဝါရီ ၁၇ ရက် တရုတ်နှစ်သစ်ကူးနေ့ထိ ပိတ်ရက်ခြောက်ရက်တာကာလအတွင်း ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားစည်ကားစွာ ဝင်ရောက်မည်ဟု ခရီးသွားလုပ်ငန်းများနှင့် ဒေသခံတို့က ခန့်မှန်းထားရာ ခရီးသွားများ သွားလာနေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရန် ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများ ပုဂံဒေသသို့ ရောက်ရှိချိန်တွင် ပြည်တွင်းခရီးသွားများအနေဖြင့် အထင်ကရဘုရား၊ စေတီ ၁၈ ဆူနှင့် ပုဂံအမှတ်တရနေရာများသို့ လည်ပတ်ကြလေ့ရှိပြီး ပြည်ပခရီးသွားများအနေဖြင့် ရှေးဟောင်းစေတီပုထိုးများ၊ ဧရာဝတီမြစ်ကမ်းပါး၊ အပန်းဖြေနေရာများ၊ ညနေဆည်းဆာနေရာများနှင့် ရိုးရာလက်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာလေ့ရှိသည်။

"ကျွန်တော်တို့ တည်းခိုခန်းမှာ ဖေဖော်ဝါရီလပိတ်ရက် ခြောက်ရက်အတွင်း ၁၂ ရက်ကနေ ၁၄ ရက်ထိ အခန်းတွေပြည့်နေပါပြီ။ နယ်မြေအေးချမ်းတဲ့အတွက် ဒီဇင်ဘာလနဲ့ ဧနီလ၀ါရီလ နှစ်သစ်ကူးပိတ်ရက်တွေမှာလဲ ခရီးသွားမပြတ်ဝင်ခဲ့တဲ့အတွက် ဟိုတယ်နဲ့ တည်းခိုခန်းတွေ ပြည့်ခဲ့ပါတယ်။ ကျောင်းပိတ်ရက်နဲ့တိုက်ဆိုင်သွားရင် ပုဂ္ဂလိကကျောင်းတွေက လူရာနဲ့ချီပြီး လာရောက်လည်ပတ်တဲ့အတွက် ဟိုတယ်၊ တည်းခိုခန်းတွေ ပြည့်လေ့ရှိပါတယ်။ ခရီးသွားကိုအခြေခံတဲ့ ဒေသဖြစ်တဲ့အတွက် ဒီပိတ်ရက်ရှည်မှာလဲ စိတ်အေးချမ်းစွာ တည်းခိုနိုင်အောင် အားလုံးကြိုတင်ပြင်ဆင်ထားပါတယ်" ဟု ပုဂံဟိုတယ်ခြံ အမှတ်(၈)မှ ဦးမိုးဝေက ပြောသည်။

"ဒီနှစ် ပုဂံမှာ နှစ်သစ်ကူးချိန်ကစပြီး ခရီးသွားဝင်ရောက်ခဲ့တာ အားရစရာပါ။ တစ်ပတ်ကို ဘုရားဖူး ၅၀၀၀၀ ကျော်ဝင်ခဲ့ပါတယ်။ ဖေဖော်ဝါရီလ ရုံးပိတ်ရက်ရှည်ကာလမှာ တစ်ရက်ကို ခရီးသွားဦးရေ ၁၀၀၀၀ နီးပါးဝင်ရောက်ခဲ့တာ တွေ့ရပါတယ်။ ပုဂံကို နိုင်ငံခြားခရီးသွားတွေလဲ ဝင်နေပါပြီ။ ခြောက်ရက်တာပိတ်ရက်မှာ ခရီးသွားပြည်သူများအားလုံး ဘုရား၊ စေတီ၊ ပုထိုးများမှာ အေးချမ်းစွာ ကုသိုလ်ယူပြီး မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်တွေကို လေ့လာကြည့်ရှုနိုင်တဲ့အပြင် ပုဂံဒေသရဲ့ သဘာဝအလှကို ကြည့်ရှုခံစားဖို့ ဖိတ်ခေါ်ပါတယ်"ဟု ရွှေစည်းခုံစေတီတော် ဂေါပကဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

နှစ်သစ်ကူး ပိတ်ရက်ကာလတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု ဒေသသို့ အမေရိကန်၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ပြင်သစ်၊ ပိုလန်၊ စပိန်၊ ကနေဒါ၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားများ ဝင်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်၊ ၁၅ ရက် ရုံးပိတ်ရက်နှင့် ၁၆ ရက်၊ ၁၇ ရက် တရုတ်နှစ်သစ်ကူးပိတ်ရက်တို့ တစ်ဆက်တည်းဖြစ်၍ ပြည်တွင်းခရီးသွားများအပြင် နိုင်ငံခြားခရီးသွားများလည်း နှစ်ဆန်းပိုင်း နှစ်သစ်ကူးပိတ်ရက်ထက် ပိုမိုစည်ကားစွာ ခရီးသွားဝင်ရောက်လာမည်ဟု ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများက ခန့်မှန်းထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သစ္စာ(MNA)**

၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဧနီလ ၀၇ ရက်

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄က်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အဆိုပါ ဆင်ဖြူတော်ကလေး"ရဌနန္ဒက"မှာ ယခုအသက် ၃ နှစ် ၆ လသား အရွယ်တွင် အရပ်အမြင့် ၅ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၈ ပေ ၂ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၆၇၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြားကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် (Peace Human and Elephant Interaction Training)ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၂၆ ခုနှစ် ဧနီလ ၀၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

သဘောထားထုတ်ပြန်ကြေညာချက်

ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး၏
သဘောထားကြေညာချက်
၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ (၂၃) ရက်
(၁၃၈၇) ခုနှစ်၊ တပို့တွဲလဆန်း (၆) ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင် နှင့် ဥပဒေရေးရာဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့မှ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ သို့ သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက် မိမိတို့ မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့်ဂုဏ်သိက္ခာရှိသောလုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီးအနေဖြင့် မိမိတို့နိုင်ငံတော်အပေါ် မတရားစွပ်စွဲ လုပ်ဆောင်မှုများကို တရားဥပဒေအပေါ် ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝ ကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှသိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသောအချက်တစ်ခုပင်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ **ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး**အနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့ သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် အမှန်တရားကိုရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံဂုဏ်ပြု မှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ **ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး**အနေဖြင့် နိုင်ငံတော်၏မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး
မဂ်လာတောင်ညွှန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သဘောထားထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့ သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို မြန်မာနိုင်ငံကိုယ်စားပြုပြီး မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် တရားမျှတမှုရရှိရေးနှင့် အမှန်တရားအတွက် ဥပဒေနှင့်အညီအစွမ်းကုန်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့မှ နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံအပ်ပါသည်။ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) မှ ဂုဏ်သရေရှိ တရားသူကြီးမင်းများအနေဖြင့်လည်း မွန်မြတ်သောတရားစီရင်ရေး ကျင့်ဝတ်သိက္ခာနှင့်အညီ အဆုံးအဖြတ်ပေးမည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏အကျိုးစီးပွားအတွက် တရားဥပဒေနှင့်အညီ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့ သွားရောက်ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သွေးတစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

သဘောထားထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ
သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

အာဖရိကတိုက် ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့မှ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice)သို့ သွားရောက်၍ စွပ်စွဲချက်များအား ဥပဒေနှင့်အညီဖြေရှင်းဆောင်ရွက်နေကြောင်း ကြားသိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်နိုင်ငံသားများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးနှင့် ဥပဒေအရမှန်ကန်တရားမျှတစွာဆုံးဖြတ်နိုင်ရေးတို့သည် လွန်စွာအရေးကြီးလှပေသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် ICJ ကြားနာပွဲတွင် သွားရောက်ဖြေရှင်းနေသည့် Agent of Myanmar အဖွဲ့မှ တာဝန်ရှိသူများနှင့် ဥပဒေပညာရှင်များအနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် နိုင်ငံတော်အတွက် အောင်မြင်စွာဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

သဘောထားထုတ်ပြန်ကြေညာချက်

ICJ သို့ သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံ

သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၂၆)
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့မှ ဇန်နဝါရီလ(၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice–ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်ယူမှုရှိသောလုပ်ရပ်တစ်ခုဖြစ်ပြီး နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာလိုသည့်ဆန္ဒကိုလည်းဖော်ပြနေခြင်းဖြစ်ပါသည်။ သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်နှင့် သက်ဆိုင်သော အငြင်းပွားမှုများကို တရားဥပဒေ၏မျှတမှုအပေါ် ယုံကြည်အခြေခံ၍ ထိရောက်ပြတ်သားစွာ ရင်ဆိုင်ဖြေရှင်းနေမှုကို အပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် ပကတိဖြစ်စဉ်မှန်များကို ပုံဖော်ပေးနိုင်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ပကတိဖြစ်စဉ်များအပေါ် သိရှိနားလည်စေမှာဖြစ်ပြီး ယုံကြည်မှုတည်ဆောက်ရေးအတွက်လည်း အရေးပါသောအခြေခံအချက်တစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့ သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်၏မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့

Energy Meter များ တရားမဝင် ဓာတ်အားသုံးစွဲမှုစိစစ်ဖော်ထုတ်နိုင်ရေး မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး ဇန်နဝါရီ ၂၃

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း Energy Meter များ တရားမဝင် ဓာတ်အားသုံးစွဲမှု စိစစ်ဖော်ထုတ်နိုင်ရေးအတွက် အင်ဂျင်နီယာများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ-၂ ၌ ကျင်းပရာ ခေတ္တဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် ဌာနကြီးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး ခေတ္တဥက္ကဋ္ဌ ဦးတင်အောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ခေတ္တဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် ဌာနကြီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြောင်း၊ အဆိုပါ သင်တန်းကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်မီတာများ တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေးနှင့် ငွေကြေးအလွဲသုံးစားမှု မဖြစ်ပေါ်စေရေးတို့အတွက် တရားမဝင် ဓာတ်အားသုံးစွဲမှုဖော်ထုတ်နိုင်ရေး၊ ထူးခြားဖြစ်စဉ်သတင်းများအရ ရှောင်တခင်စစ်ဆေးခြင်း၊ ဓာတ်အားပျောက်ဆုံးသောနေရာများ လျှော့ချနိုင်ရေးတို့အတွက် စစ်ဆေးရေးဝန်ထမ်းများက ဦးဆောင်ကြပ်မတ်၍ ကော်ပိုရေးရှင်းနှင့် ဝန်ကြီးဌာန၏ အကျိုးကို ရည်ရွယ်ကာ သင်တန်းသား ၂၅ ဦးဖြင့် ဇန်နဝါရီ ၁၂ ရက်မှ ၂၃ ရက်ထိ ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဇေယိန်း

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂۶ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-I တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါ အခမ်းအနားကျင်းပမည့်နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမား ဦးရေကို A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင် နှစ်ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည် စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ(နေပြည်တော်) ဝ၆၇-၃၄၁၂၄၃၃၊ iprd.crd.npt@gmail.com၊ (ရန်ကုန်) ၀၁-၅၄၄၅၈၂၊ iprd.crd.ygn@gmail.com တို့သို့ ၂၈-၁-၂၀၂၆ ရက်အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

☆ **ကျောဖုံးမှအဆက်**

တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် နားလည် သဘောပေါက်လာကြကာ အကြမ်းဖက်လုပ်ရပ် ဆောင်ရွက်ခဲ့မှုများ အပေါ် စိတ်ပျက်နောင်တရရမှုများနှင့်အတူ ၎င်းတို့အဖွဲ့အတွင်း အနိုင်ကျင့်ဗိုလ်ကျမှုများကို လက်ခံနိုင်ခြင်းမရှိတော့ဘဲ ဥပဒေဘောင်အတွင်းသို့ အသီးသီးပြန်လည်ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ရှစ်ဦး ပေါင်း ၁၄၉ ဦးတို့ကို တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေများအလိုက် အသီးသီးကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား သုံးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၆၉ ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ခြောက်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား ကိုးဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား သုံးဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ငါးဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ငါးဦး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ငဖဲမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ အောင်လံမြို့နယ်မှ အမျိုးသား သုံးဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၄၉ ဦးတို့ကို တာဝန်ရှိသူများက စနစ်တကျ အသီးသီးကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများကို မောင်းပြန်ရိုင်ဖယ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ၁၀ လက်အတွက် ငွေကျပ် သိန်း ၅၀၀၊ ပစ္စတိုသေနတ်တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ်သိန်း၂၀ နှုန်းဖြင့် သုံးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၀၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေ ငါးသိန်း၊ လက်ပစ်ဗုံးတစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံး ၁၁ လုံးအတွက် ငွေကျပ် ၃၃ သိန်း၊ စကားပြောစက် တစ်လုံးအတွက် ဆုကြေးငွေနှစ်သိန်းနှင့် တိုင်းဒေသကြီး အစိုးရက လက်နက်မပါရှိဘဲ အလင်းဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၃၅ ဦးအတွက် ဆုကြေးငွေကျပ် ၁၃၅ သိန်း စုစုပေါင်း ငွေကျပ် ၇၃၅ သိန်းကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၁၀ လက်၊ ပစ္စတို သုံးလက်၊ လက်လုပ်သေနတ် တစ်လက်၊ လက်ပစ်ဗုံး ၁၁ လုံး၊ စကားပြောစက်တစ်လုံး၊ ကျည်အိမ် ၁၆ ခု၊ ကျည် ၁၂၆၇ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများ အတွက်ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော်သည် အကြမ်းဖက်အဖွဲ့အစည်းအထဲ ဝင်ရောက်သွားတဲ့ပုံစံကတော့ ကျွန်တော့် အိမ်၊ မိသားစုနဲ့အဆင်မပြေဖြစ်နေတဲ့အချိန် အပြင်ထွက်ပြီး သူငယ်ချင်းအိမ်သွားနေပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေ အကုန်လုံးက ဒီအကြမ်းဖက်အဖွဲ့အစည်းထဲ ဝင်သွားကြတာပါ။ ကျွန်တော်တစ်ယောက်ထဲကျန်ခဲ့တဲ့အချိန်မှာ ကျွန်တော်လဲ သူတို့နောက်ကို လိုက်ပြီး ဝင်သွားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ R-2 လို့ ခေါ်တဲ့ လူသစ်စုဆောင်းရေးဌာနကို ကျွန်တော်တို့ကို ပို့ပါတယ်။ အဲဒီလူသစ်စုဆောင်းရေးဌာနမှာ ကျွန်တော်တို့တစ်လလောက်နေခဲ့ရပါတယ်။တစ်လလောက်နေပြီးတဲ့အချိန်မှာ ကျွန်တော်တို့ ပန်းအိုးကြီးပန်းအိုးလေးနားက သင်တန်းကွင်းကို တစ်ခါထပ်ပို့ပါတယ်။ သူတို့ကတော့ စိတ်ဓာတ်စစ်ဆင်ရေးဘာညာပြောတာပေါ့။ ဒါပေမဲ့ အဲဒီသင်တန်းကွင်းမှာတင် အဲဒီလိုကြမ်းတမ်းပြီးသေတဲ့သူလဲသေသွားကြပါတယ်။ ထမင်းကျတော့ မဝရေစာပဲကျွေးပါတယ်။ စားရတော့ ကန်စွန်းရွက်ရေလုံပြုတ်၊ ခရမ်းသီးရေလုံပြုတ်တို့ပဲစားရတာများပါတယ်။ သင်တန်းဆရာတွေကလဲ မိန်းကလေးတွေဆိုရင် သားပြောမယားပြောပြောတာတွေရှိပါတယ်။ ကျွန်တော် သင်တန်းကာလပြီးသွားတဲ့အခါမှာ လုံခြုံရေးဌာနကို ရောက်သွားပါတယ်။ စဉ့်ကူးမြို့လို့ခေါ်တဲ့ စဉ့်ကူးမြို့မှာဂိတ်စောင့်ရပါတယ်။ ပြည်သူတွေရွှေလုပ်လာလို့ ပြည်သူတွေဆီက အခွန်ကောက်ရတာပေါ့။ ဆိုင်ကယ်တွေဖြတ်သွားလို့ရှိရင်လဲ အခွန်ကောက်ရတယ်ပေါ့။ကျွန်တော်တို့အောက်က ရဲဘော်တွေ အဲဒီလိုလုပ်ရပါတယ်။ ဒါပေမဲ့ အထက်ကအရာရှိပိုင်းတွေကတော့ စဉ့်ကူးမြို့နယ်ထဲက ရွှေတွင်းတွေမှာ သူကလိုက်ပြီးအခွန်ကောက်တယ်။ ဆက်ကြေးကောက်တယ်။ ပြီးရင် သူတို့ကိုယ်ကျိုးတွေအတွက်ပဲ အသုံးပြုသွားကြပါတယ်။ ရပ်ရွာထဲကပြည်သူတွေက မင်းတို့လို အကြမ်းဖက်အဖွဲ့အစည်းတွေကို ရေတောင်မတိုက်ချင်တော့ဘူးလို့ ပြောပါတယ်။ မင်းတို့ကို ငါတို့က မသဒ္ဓါတော့ဘူးပေါ့။ အဲဒီလိုစကားတွေကြားရတော့ ကျွန်တော်တို့ ရွေးချယ်ခဲ့တဲ့ လမ်းက တော်တော်မှားနေပြီလို့ ကျွန်တော်သိခဲ့ရပါတယ်။ နောင်တလဲ တော်တော်ရပါတယ်။ ပြည်သူတွေလဲ အားနာမိတယ်။ အဲဒါနဲ့ ကျွန်တော် အလင်းဝင်ဖို့ကြိုးစားခဲ့ပါတယ်။ ကျွန်တော့်အစ်ကိုဆီ ကျွန်တော် ဆက်သွယ်ခဲ့ပါတယ်။ အဲဒီမှာ အစ်ကိုက ငှဲ့ညီဘာမှမဖြစ်ဘူး အာမခံတယ်။ အစ်ကို ကြီးကိုယ်တိုင် လိုက်ပို့ပေးမယ်ဆိုပြီး ကျွန်တော် သူ့ဆီသွားလိုက်ပါတယ်။ အဲဒီမှာသူက တပ်မတော်က ဗိုလ်ကြီးတွေ ဆီလိုက်ပြီးပို့ပေးပါတယ်။ သင်တန်းကွင်းမှာ တန်းစီတိုင်း မှိုင်းတိုက်ခံရတာကတော့ မင်းတို့ဟိုဘက်ကို အလင်းဝင်သွားရင်တော့ ဟိုဘက်က မင်းတို့ကို ညှဉ်းပန်းနှိပ်စက်ပြီးသတ်မှာပဲ။ မင်းတို့မိသားစုတွေလဲ ဒုက္ခရောက်မှာ။ အဲဒီလိုမျိုးတွေမှိုင်းတိုက်ထားပါတယ်။ ကျွန်တော်တို့ကလဲ အရဲစွန့်ပြီးလာရတာပါ။ တကယ့်တကယ် ကျတော့ တပ်မတော်က ညီအစ်ကိုတွေ ကျွန်တော်တို့ကိုကြိုဆိုကြတာ သူတို့ပြောတာနဲ့တခြားဆီပဲ။ အဲဒီလိုပဲ ကျွန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေလဲ အမြန်ဆုံး

အလင်းလာဝင်စေချင်ပါတယ်။ ဒီအကြမ်းဖက်အဖွဲ့အစည်းရှိနေလို့ ကျွန်တော်တို့ နိုင်ငံကြီးဟာလဲ တိုးတက်ဖွံ့ဖြိုးမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အနာဂတ်စီးပွားရေး၊ လူမှုရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လဲ ဒီအကြမ်းဖက်အဖွဲ့အစည်းတွေမရှိဖို့လိုပါတယ်။ ဒါကြောင့် ဒီအကြမ်းဖက်အဖွဲ့အစည်းထဲရောက်နေတဲ့ ညီအစ်ကိုတွေကိုလဲ အမြန်ဆုံး အလင်းလာဝင်ပြီးတော့ အမြင်မှန်ရပြီးဝင်စေချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ နောက်နောင် ဒီအကြမ်းဖက်အဖွဲ့အစည်းထဲမှာ ဘယ်တော့မှ မပတ်သက်တော့ပါဘူးလို့ ပြည်သူတွေရှေ့မှာ ကတိသစ္စာပြုအပ်ပါတယ်"ဟု ပြောသည်။

"ကျွန်တော့်သူငယ်ချင်း အရင်းက ကျွန်တော့်ကို သူငယ်ချင်း မင်းအလုပ်လုပ်မှာလား၊ အလုပ်လုပ်ချင်လို့ရှိရင် အလုပ်ခေါ်မယ်။ ပိုက်ဆံလဲ အေးအေးဆေးဆေးလေးနဲ့ရမှာပါ။ အလုပ်ကလဲ သက်သာတယ်။ မင်းတို့ကွန်ပျူတာလေးပဲ ထိုင်နှိပ်ရုံပဲလို့ပြောပြီးတော့မှ ကျွန်တော့်ကိုခေါ်သွားခဲ့တယ်။ အဲဒီလိုမက်လုံးတွေ ပေးပြီးတော့ အဲဒါနဲ့ကျွန်တော် လက်ပံလှလူသစ်စုဆောင်းရေးကို ရောက်တယ်။ လက်ပံလှလူသစ်စုဆောင်းရေးမှာ တစ်ရက်နေခဲ့ရတယ်။ အဲဒီမှာ တစ်ရက်နေခဲ့ပြီးတော့ ကျွန်တော်တို့ R-2 ဆိုတဲ့ လူသစ်စုဆောင်းရေးကို ထပ်ရောက်တယ်။ အဲဒီမှာတော့ တစ်လခွဲလောက်နေခဲ့ရတယ်။ တစ်လခွဲလောက်နေပြီးတော့ ကျွန်တော်တို့ အဲဒီမိုးကုတ်ဆိုတဲ့သင်တန်းကွင်းကိုရောက်ပါတယ်။ မိုးကုတ်ဆိုတဲ့ သင်တန်းကွင်းမှာ ပလောင်ဆရာတွေက သူတို့ရဲ့ လူမျိုးရေးခွဲခြားဆက်ဆံမှုတွေရယ်၊ ဖိနှိပ်ဆက်ဆံမှုတွေရယ် အများကြီးပေါ့ဗျာ။ အဲဒီဒဏ်တွေကို ကျွန်တော်တို့ ခါးခါးသီးသီးခံခဲ့ရပါတယ်။ ကျွန်တော်တို့ ထမင်းစားရတဲ့အခါမှာလဲ ထမင်းကို ကောင်းကောင်းမွန်မွန်မစားရဘူး။ ထမင်းကို ဘူးသီးရေလုံပြုတ်၊ ခရမ်းသီးရေလုံပြုတ် အဲလိုတွေကျွေးပါတယ်။ ထောက်ပို့ကို တစ်ပတ်လောက်လုပ်ပြီးတော့ ကျွန်တော်တို့ရှေ့တန်းကို သေနတ်ပေးပြီးတော့မှ ရှေ့တန်းကို လွှတ်ပါတယ်။ လွှတ်ပြီးတော့ ကျွန်တော်တို့ တပ်မတော်စစ်ကြောင်းနဲ့တွေ့ပါတယ်။ တပ်မတော်က စစ်ကြောင်းနဲ့တွေ့တော့ ကျွန်တော်တို့ ခွေးပြေး၊ ဝက်ပြေးပြေးခဲ့ရပါတယ်။ လက်နက်တွေချပြီးတော့ ပြေးခဲ့ရတာတွေလဲ ရှိပါတယ်။ ကျွန်တော်တို့ အသက်ဘေးကနေလုပြီးတော့ ပြေးခဲ့ရတာတွေလဲ ရှိပါတယ်။ ပြည်သူတွေကို သူတို့တွေ အနိုင်ကျင့်နှိပ်စက်တာတွေကို ကျွန်တော် မကြိုက်လို့ ကျွန်တော့်ကိုယ်ကျွန်တော်ရုန်းထွက်ဖို့ ကြိုးစားခဲ့ပါတယ်။ မြန်မာ့တပ်မတော်က ကောင်းကောင်းမွန်မွန်နွေးနွေးထွေးထွေး ကြိုဆိုနေတဲ့အချိန်မှာ လာပြီးတော့ အလင်းဝင်ကြပါ။ အကြမ်းဖက်အဖွဲ့အစည်းကို အားပေးအားမြှောက်မပြုဖို့လဲ ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်။ ကျွန်တော်ဆိုရင်လဲ နောင်တတွေအများကြီးရခဲ့ပါတယ်။ ကျွန်တော်လုပ်ခဲ့တဲ့ ဒီအကြမ်းဖက်အဖွဲ့အစည်းနဲ့ ကျွန်တော်ပေါင်းပြီးတော့ ကျွန်တော်တို့ ပြည်သူတွေကို ဖိနှိပ်ဆက်ဆံတာတွေ၊ ရိုက်နှက်တာတွေ လုပ်ခဲ့တာတွေလဲ ရှိပါတယ်။ အဲဒါတွေအကုန်လုံးအတွက် ပြည်သူတွေကို ကျွန်တော်စိတ်ရင်းနဲ့ ကျွန်တော့်ကို ခွင့်လွှတ်ကြပါလို့ တောင်းပန်ချင်ပါတယ်ခင်ဗျ"ဟု ပြောသည်။

(၅၀၁)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)	၂။	ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)	၃။	ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)	၄။	Myawady Webportal (https://myawady.net.mm)
၅။	Myanmar National Portal (https://myanmar.gov.mm)						

မှတ်ပုံတင်က ကျွန်မတို့လျှောက်ပြီး ရလိုက်ပါပြီ။ လဝကရုံးကို ကိုယ်တိုင်သွားပြီးတော့ ကိုယ်တိုင်လျှောက်လိုက်တာပါ။ အထောက်အထားအစုံရှိတော့ အမြန်ဆုံးရလိုက်ပါတယ်။ ဒီနှစ် ကျွန်မတို့ မဲပေးခွင့်ရှိခဲ့ပါတယ်။ ကျွန်မတို့စာရင်းက သဲချောင်းဘက်မှာပါတဲ့အတွက် ကျွန်မတို့မဲသွားပေးပါတယ်။ အကုန်လုံး လွတ်လွတ်လပ်လပ်ပေးနိုင်ခဲ့ပါတယ်။ တချို့မဲပေးခွင့်မရတဲ့သူတွေလဲ ပျော်ပျော်ပါးပါးသွားကြည့်ကြတာ ကျွန်မတို့မြင်ပါတယ် ဒေါ်သီတာမြင့် ခေါ် ဂျူနီလာ

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ထားရှိမှုနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့်ဘင်္ဂလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးအေးသိန်းနှင့် စစ်တွေမြို့ ခေါင်းဒုက္ခာ(ဘင်္ဂလီ) ကျေးရွာနေ ဒေါ်သီတာမြင့် ခေါ် ဂျူနီလာတို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည် -

ဒေါ်အေးအေးသိန်း ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ကျွန်မအနေနဲ့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကို ပြန်လည်လက်ခံရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ထားရှိမှုအခြေအနေတွေကို ရှင်းလင်းပြောကြားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာ ၂၀၁၆-၂၀၁၇ ခုနှစ်တွေမှာ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်တွေကြောင့် အဲဒီဒေသတွေမှာနေထိုင်သူတွေအနက် တစ်ဖက် ဘင်္ဂလီးဒေ့ရှ်နိုင်ငံကို သူတို့ဆန္ဒအလျောက် နေရပ်စွန့်ခွာထွက်ပြေးသွားသူ ငါးသိန်းကျော်ခန့် ရှိခဲ့ပါတယ်။ သူတို့ကို ပြန်လည်စိစစ်လက်ခံဖို့အတွက် မြန်မာနိုင်ငံနဲ့ ဘင်္ဂလီးဒေ့ရှ်နှစ်နိုင်ငံအစိုးရတို့အကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှာ လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလီးဒေ့ရှ်နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်တွေနဲ့ အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် အကျိုးဝင်မှု အခြေခံမူငါးရပ်ကို စံသတ်မှတ်ချက်များအဖြစ် ချမှတ်ခဲ့ပါတယ်။ အဲဒါတွေကတော့ ပြန်လည်ဝင်ရောက်လိုသူဟာ မြန်မာနိုင်ငံအတွင်း အမှန်တကယ် နေထိုင်ခဲ့သူဖြစ်ရပါမယ်။ ပြန်လည်ဝင်ရောက်လာသူများက ၎င်းတို့ရဲ့ ဆန္ဒအလျောက် မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်လိုသူများဖြစ်ရပါမယ်။ ကွဲကွာနေတဲ့ မိသားစုစာရင်းဝင်တွေ၊ ကျန်ရစ်ခဲ့တဲ့မိသားစုဝင်တွေနဲ့ မိဘမဲ့ကလေးတွေအတွက် ဘင်္ဂလီးဒေ့ရှ်နိုင်ငံတရားရုံးက မှန်ကန်ကြောင်းထောက်ခံချက် ပါရှိရပါမယ်။ တစ်ဖက်နိုင်ငံမှာ ထပ်မံမွေးဖွားလာတဲ့ကလေးက မြန်မာနိုင်ငံမှာနေထိုင်ခဲ့တဲ့ မိဘနှစ်ပါးက မွေးဖွားတဲ့ကလေးဖြစ်ရပါမယ်။ ပဋ္ဌိပက္ခကာလ အတွင်း မွေးဖွားတဲ့ကလေးများအတွက် ဘင်္ဂလီးဒေ့ရှ်နိုင်ငံတရားရုံးက မှန်ကန်ကြောင်း ထောက်ခံချက် ပါရှိရပါမယ်။

အဆိုပါ စံသတ်မှတ်ချက်တွေနဲ့အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ရုပ်ပိုင်းဆိုင်ရာ လက်တွေ့အစီအစဉ်များ ဖြစ်တဲ့ Physical Arrangement ကို ၂၀၁၈ ခုနှစ် ဧနဝါရီ ၁၅ ရက်မှာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလီးဒေ့ရှ်နိုင်ငံတို့က တာဝန်ရှိသူတွေ လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြပါတယ်။

ဆက်လက်ပြီး မြန်မာနဲ့ ဘင်္ဂလီးဒေ့ရှ်နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေဦးဆောင်တဲ့ JWG ပြန်လည်လက်ခံရေးလုပ်ငန်းအတွက် ပူးတွဲလုပ်ငန်းအဖွဲ့ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ဖွဲ့စည်းခဲ့ပါတယ်။JWG အစည်းအဝေးတွေကို ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနဲ့ ဘင်္ဂလီးဒေ့ရှ်နိုင်ငံတွေမှာ ငါးကြိမ်တိုင်တိုင် အလှည့်ကျ ကျင်းပဆွေးနွေးခဲ့ကြပါတယ်။

ဒေါ်အေးအေးသိန်း

ဒေါ်သီတာမြင့် ခေါ် ဂျူနီလာ

မြန်မာ-ဘင်္ဂလီးဒေ့ရှ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်အရ ပြန်လည်လက်ခံရေး စံသတ်မှတ်ချက်တွေနဲ့ အကျိုးဝင်သူတွေကို စိစစ်နိုင်ဖို့အတွက် နေရပ်စွန့်ခွာသူလူဦးရေ ရှစ်သိန်းကျော်ရဲ့စာရင်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ခြောက်ကြိမ်ခွဲပြီး ဘင်္ဂလီးဒေ့ရှ်နိုင်ငံဘက်က ပေးပို့ခဲ့ပါတယ်။

အဲဒီလို ဘင်္ဂလီးဒေ့ရှ်ဘက်က ပေးပို့လာတဲ့ နေရပ်စွန့်ခွာသူ လူဦးရေ ရှစ်သိန်းကျော်ရဲ့ စာရင်းကို မြန်မာနိုင်ငံမှာ နေထိုင်ခဲ့တာမှန်ကန်ခြင်းရှိမရှိ စိစစ်နိုင်ဖို့အတွက် ၂၀၁၆ ခုနှစ်က ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသမှာ ဌာနအနေနဲ့ ကောက်ယူထားတဲ့ ဆွဲတင်စစ်စာရင်းအရ မိသားစုဓာတ်ပုံပါ အိမ်ထောင်စုစာရင်းတွေကို ဌာနရဲ့ Civil Registration software ရေးဆွဲထားတဲ့ ဒေတာထည့်သွင်းပြီး ကျွန်မတို့ဌာနက ဝန်ထမ်းတွေ တိုက်ဆိုင်စိစစ်တဲ့လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၆ ခုနှစ် ဧနဝါရီ ၁၆ ရက်ထိ စိစစ်ရေးပုံစံပါ လူဦးရေ သုံးသိန်းကျော်ကို တိုက်ဆိုင်စိစစ်နိုင်ခဲ့ပါတယ်။ အဲဒီလို တိုက်ဆိုင်စိစစ်ပြီးတဲ့ လူဦးရေကိုလဲ ဘင်္ဂလီးဒေ့ရှ်ဘက်ကို သံတမန်လမ်းကြောင်းကနေတစ်ဆင့် ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

နေထိုင်ကြောင်းအထောက်အထား စိစစ်တွေ့ရှိပြီး သူတွေအနက် ပထမအသုတ်အနေနဲ့ လူဦးရေ နှစ်ထောင်ကျော်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းမှာ တစ်ကြိမ်၊ ဒုတိယအသုတ်အနေနဲ့ လူဦးရေ သုံးထောင်ကျော်ကို ၂၀၁၉ ခုနှစ် သြဂုတ်လအတွင်းမှာ တစ်ကြိမ်၊ ဘင်္ဂလီးဒေ့ရှ်ဘက်က ပြန်လည်ပို့ဆောင်မယ်လို့ ပြောကြားချက်အရ မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေးစခန်းနှစ်ခုဖွင့်လှစ်ပြီး လက်ခံနိုင်ရေးအသင့်ဆောင်ရွက်ထားရှိခဲ့ပေမယ့် ဘင်္ဂလီးဒေ့ရှ်ဘက်က နှစ်ကြိမ်စလုံး ပြန်လည်ပို့ဆောင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

ဒုံပြင် ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကို ရှေ့ပြေးစမ်းသပ်စီမံကိန်းနဲ့ ပြန်လည်လက်ခံဖို့ အတွက်လဲ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါတွေကတော့ ၂၀၂၀ ပြည့်နှစ်ဖေဖော်ဝါရီလမှာ ဘင်္ဂလီးဒေ့ရှ်နိုင်ငံ ဒါကာမြို့မှာ နှစ်နိုင်ငံတာဝန်ရှိသူတွေနဲ့ ကျင်းပပြုလုပ်ခဲ့တဲ့ ဆွေးနွေးချက်တွေအရ နေရပ်စွန့်ခွာသူ ဦးရေ ၈၄၀ ကို ကနဦးလက်ခံဖို့ သဘောတူညီခဲ့ပါတယ်။ ၎င်းတို့အနက်ကမှ မိသားစုအလိုက် နေရပ်စွန့်ခွာကြောင်း စိစစ်တွေ့ရှိရသူ ၇၁၁ ဦးကို Pilot Project နဲ့ ပြန်လည်လက်ခံဖို့အတည်ပြုခဲ့ပါတယ်။

အဲဒီ ၇၁၁ ဦးအပြင် သူတို့ရဲ့ ဆက်စပ်မိသားစုဝင်တွေကိုပါ တစ်ပါတည်းလက်ခံဖို့ နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့ JWG ရဲ့ ပဋ္ဌမအကြိမ်အစည်းအဝေးမှာ ဆွေးနွေးဆုံးဖြတ်ချက်အရ ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူးဦးဆောင်တဲ့ မျက်မြင်စစ်ဆေးရေးအဖွဲ့က ဘင်္ဂလီးဒေ့ရှ်နိုင်ငံ တက်ကွန်နက်ဖ်မြို့ကို ၂၀၂၃ ခုနှစ် မတ်လမှာ ပထမအကြိမ် သွားရောက်ပြီး မျက်မြင်စစ်ဆေးမှုတွေပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုစစ်ဆေးချက်အရ ဆက်စပ်မိသားစုဝင်တွေထဲက ပြန်လည်အတည်ပြုခဲ့သူ ၄၆၅ ဦး မူလစိစစ်အတည်ပြုပြီးသူ ၇၁၁ ဦး စုစုပေါင်း ၁၁၇၆ ဦးကို ပြန်လည်လက်ခံဖို့ အတည်ပြုခဲ့ကြပါတယ်။

၂၀၂၃ ခုနှစ် မေ ၅ ရက်မှာ ဘင်္ဂလီးဒေ့ရှ်နိုင်ငံဘက်က Go and See Visit လာရောက်တဲ့ တာဝန်ခံ ခုနစ်ဦး၊ နေရပ်စွန့်ခွာစခန်းများမှ camp ကိုယ်စားလှယ်ဦးရေ ၂၀ တို့က ပြန်လည်လက်ခံသူတွေကို နေရာချထားမယ့်ကျေးရွာတွေကို လာရောက်လေ့လာတဲ့အတွက် မြန်မာနိုင်ငံဘက်က လိုက်လံရှင်းလင်းပြသခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် ဇွန် ၃၀ ရက်မှာ ဘင်္ဂလီးဒေ့ရှ်နိုင်ငံမှာ နှစ်နိုင်ငံ ကမကထပြု ဆောင်ရွက်မယ့်အစီအစဉ်သစ် New Bilateral Initiative ကို ဆွေးနွေးဆုံးဖြတ်ချက်အရ ဘင်္ဂလီးဒေ့ရှ်ဘက်က ပေးပို့တဲ့ အုပ်စုသုံးစုအနက်မှ မောင်တောမြောက်ပိုင်းမှာနေထိုင်ခဲ့သူ မိသားစုအလိုက်တွေ့ရှိသူ ပြစ်မှုကင်းရှင်းသူ ၁၇၆၆ ဦး၊ ပထမအကြိမ်မျက်မြင်စစ်ဆေးရေးအဖွဲ့က အတည်ပြုခဲ့တဲ့ ၁၁၇၆ ဦး အနက်မှ ၁၀၄၁ ဦး စုစုပေါင်း ၂၈၀၇ ခုနှစ်ဦးကို Pilot Project နဲ့ ပြန်လည်လက်ခံဖို့ အတည်ပြုခဲ့ပါတယ်။

အဲဒီ ၂၈၀၇ ဦးရဲ့ ဆက်စပ်မိသားစုဝင်တွေကိုပါ တစ်ပါတည်းလက်ခံနိုင်ဖို့အတွက် မြန်မာဘက်က မျက်မြင်စစ်ဆေးရေးအဖွဲ့ Go and Talk အဖွဲ့ဝင်တွေဟာ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှာ ဒုတိယအကြိမ် ဘင်္ဂလီးဒေ့ရှ်နိုင်ငံ တက္ကနက်ဖ်ကိုသွားရောက်စစ်ဆေးခဲ့ကြပါတယ်။ ဒုတိယအကြိမ် ထပ်မံစစ်ဆေးချက်အရ တွေ့ရှိသူလက်ခံအတည်ပြုမယ့် စုစုပေါင်း ၂၉၃၃ ဦးကို ပြန်လည်လက်ခံဖို့ အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။

အဆိုပါ Pilot Project အရ ပြန်လည်လက်ခံမယ့် စုစုပေါင်း ၂၉၃၃ ဦးကို ပြန်လည်နေရာချထားပေးဖို့ ကျေးရွာ ၂၀ လျာထားခဲ့ပြီး ငါးခူရနဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေး စခန်းနှစ်ခုဖွင့်လှစ်ပြီး တစ်ပတ်ကို လူ ၂၅၀ နှုန်းနဲ့ စခန်းနှစ်ခုကို စုစုပေါင်း လူဦးရေ ၅၀၀ ကို စိစစ်လက်ခံဖို့ဆောင်ရွက်ခဲ့ပါတယ်။

စိစစ်လက်ခံပြီးတဲ့ ပြန်လည်ဝင်ရောက်လာသူတွေကို လုဖိုးခေါင်ကြားစခန်းမှာ ယာယီနေရာချထားမယ်။ လျာထားတဲ့ ကျေးရွာ ၂၀ကို ဆက်လက်ပို့ဆောင်ဖို့နဲ့ သူတို့ရဲ့ လူမှုဘဝ ရှင်သန်နေထိုင်ရေး၊ စားဝတ်နေရေးကိစ္စတွေကို ကူညီပံ့ပိုးပေးဖို့သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းချိတ်ဆက်ပြီးဆောင်ရွက်သွားဖို့ စီစဉ်ထားရှိခဲ့ပါတယ်။

ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်မှာ ကူညီပံ့ပိုးဆောင်ရွက်နိုင်ဖို့အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်တဲ့ UNDP နဲ့ UNHCR တို့က အဆိုပြုကမ်းလှမ်းလာတဲ့အတွက် လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန၊ UNDP နဲ့ UNHCR တို့ သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာ MoU ကို ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်မှာ လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပါတယ်။ UNDP၊ UNHCR တို့က ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သောက်ရေသုံးရေရရှိရေး၊ လမ်းတံတားများ ပြုပြင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာတော့ နယ်မြေလုံခြုံရေး အခြေအနေအပေါ်မူတည်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် UNDP၊ UNHCR တို့နဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နားလည်မှုစာချွန်လွှာ (MoU)ကို တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးမြှင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

အဲ့ဒီလို မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးမျိုး ပြင်ဆင်ဆောင်ရွက်ထားရှိပေမယ့်လဲ ဘင်္ဂလီးဒေ့ရှ်ဘက်က ယနေ့ထိ ပြန်လည်ဝင်ရောက်မှုမရှိခဲ့ပါဘူး။ ဒါပေမဲ့လဲ မြန်မာနိုင်ငံအနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသက နေရပ်စွန့်ခွာသူတွေကို ၎င်းတို့ရဲ့ ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာပါက ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေကို အဆင်ပြေချောမွေ့စွာ လက်ခံဆောင်ရွက်ပေးနိုင်ရေး အသင့်ပြင်ဆင်ထားရှိကြောင်း ပြောကြားလိုပါတယ်။

ဒေါ်သီတာမြင့် ခေါ် ဂျူနီလာ
ခေါင်းဒုက္ခာ(ဘင်္ဂလီ)ကျေးရွာ စစ်တွေမြို့

ကျွန်မနာမည်ကတော့ သီတာမြင့်ပါ။ မွတ်ဆလင်နာမည်ကတော့ ဂျူနီလာလို့ခေါ်ပါတယ်။ ခေါင်းဒုက္ခာကျေးရွာသူပါ။ ကလေးက သုံးယောက်ရှိပါတယ်။ ကျွန်မတို့ဆီကို အစိုးရဌာနက တစ်လတစ်ကြိမ် ပုံမှန်လာပြီးတော့ ကာကွယ်ဆေးတွေ ထိုးပေးတယ်၊ အထွေထွေဆေးတွေလဲ ထိုးပေးပါတယ်။ အသည်းအသန်ဖြစ်ရင်တော့ ကျွန်မတို့ သက္ကယ်ပြင်ဆေးရုံကို သွားရပါတယ်။

ရွာလူကြီးတွေနဲ့ ရပ်ရွာလူကြီးတွေ ပေါင်းပြီးတော့ အိမ်အလိုက် ဥပမာ ဒီနေ့ ၁၀ အိမ်၊ နောက်တစ်နေ့ နောက် ၁၀ အိမ်ဆိုပြီး လုံခြုံရေးချထားတာရှိပါတယ်။ ကျွန်မတို့က လယ်ယာစိုက်ပျိုးတယ်။ ကျွန်မတို့ ရွာမှာဆိုရင် ဈေးဆိုင်၊ ကျပန်းအလုပ်သမားတွေလဲ အများကြီးပါ။ တခြားတော့ ထွေထွေထူးထူးမရှိပါဘူး။ အကန့်အသတ်လဲ မရှိပါဘူး။ ကျွန်မတို့ အဆင်ပြေပြေချောချောမောမောနဲ့ သွားလာနိုင်ပါတယ်။ အကန့်အသတ်တော့လုံးဝမရှိပါဘူး။ ကျန်းမာရေးစောင့်ရှောက်မှုကလဲ ပုံမှန်လာပါတယ်။ လူနာကများတယ်၊ ဆေးက မလုံလောက်ဘူးဆိုရင်တော့ သက္ကယ်ပြင်ဆေးရုံကိုသွားပြီး အခမဲ့ဆေးကုသလို့ရပါတယ်။ အကုန်အခမဲ့ပါပဲ။ အဲဒီလို စီစဉ်ပေးပါတယ်။ ကျွန်မတို့ ခေါင်းဒုက္ခာရွာမှာ မူလတန်းလွန်ကျောင်းရှိပါတယ်။ မူလတန်းလွန်ကျောင်းက ကလေးတွေစာမေးပွဲ အောင်ပြီဆိုတာနဲ့ သက္ကယ်ပြင်အထကကျောင်းကို သွားတက်ပါတယ်။ကျွန်မတို့နဲ့ အနီးစပ်ဆုံးဆိုရင်တော့ သက္ကယ်ပြင်ကျောင်းပဲရှိပါတယ်။ အဲဒီမှာသွားပြီးတော့ တက်ပါတယ်။ ပညာရေးအခြေအနေကတော့ အခမဲ့ပါ။ အစိုးရက အကုန်လုံးစီစဉ်ပေးထားပါတယ်။

မှတ်ပုံတင်က ကျွန်မတို့လျှောက်ပြီး ရလိုက်ပါပြီ။ လဝကရုံးကို ကိုယ်တိုင်သွားပြီးတော့ ကိုယ်တိုင်လျှောက်လိုက်တာပါ။ အထောက်အထားအစုံရှိတော့ အမြန်ဆုံးရလိုက်ပါတယ်။ ဒီနှစ် ကျွန်မတို့ မဲပေးခွင့်ရှိခဲ့ပါတယ်။ ကျွန်မတို့စာရင်းက သဲချောင်းဘက်မှာပါတဲ့အတွက် ကျွန်မတို့မဲသွားပေးပါတယ်။ အကုန်လုံး လွတ်လွတ်လပ်လပ်ပေးနိုင်ခဲ့ပါတယ်။ တချို့မဲပေးခွင့်မရတဲ့သူတွေလဲ ပျော်ပျော်ပါးပါးသွားကြည့်ကြတာ ကျွန်မတို့မြင်ပါတယ်။ အကုန်လုံးအေးအေးဆေးဆေးပါပဲ။

သတင်းအဖွဲ့

အမရပူရမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၄ သောင်း ၅ ထောင် ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သုံးသန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဧနီ၊ ဇူလိုင်လ ၂၃

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧနီ၊ ဇူလိုင်လ ၁၄ ရက် နံနက် ၅ နာရီခွဲတွင် အမရပူရမြို့နယ် မြစ်ငယ်မြို့အနီးတွင် ရဲရင့်အောင်(ခ) အားချစ် မောင်းနှင်လာသော MDY-20 4J-xxxx MITSUBISHI CANTER ခြောက်ဘီးယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၆ သိန်း ဖမ်းဆီးရမိပြီး ၎င်း၏ ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများ ဖြစ်သည့် ပြည့်ဖြိုးကျော်၊ သက်ထွန်းဇော်ခေါ် စော်ကဲတို့နှစ်ဦးကို ပြည်ကြီးတံခွန်မြို့နယ် စက်မှုရုပ် ၆၂ လမ်းနှင့် ၁၄၁ လမ်းထောင့်၌ MDY-17 9I-xxxx TOYOTA CROWN ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြည့်ဖြိုးကျော်နေထိုင်သည့် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာ ရပ်ကွက်ရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၈ သိန်းကို ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၄ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၄ ဒသမ ၅၆ ဘီလီယံ) ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူများမှာ တောင်ကြီးမြို့နယ်နေ စိုင်းဇော်လတ်(ဖမ်းဆီးရန်ကျန်)နှင့် မိတ္ထီလာမြို့နယ်နေ ဝေယံစိုး ခေါ်မောင်ရှမ်း(ဖမ်းဆီးရန်ကျန်)တို့၏ အစီအမံဖြင့် ရမည်းသင်းမြို့နယ်မှ မန္တလေးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရ သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ရဲရင့်အောင် ခေါ် အားချစ်၊ သက်ထွန်းဇော် ခေါ် စော်ကဲနှင့် ပြည့်ဖြိုးကျော်(ဝဲမှယာ) တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၆ သိန်းနှင့်အတူ တွေ့ရစဉ်။

သက်ထွန်းဇော် ခေါ် စော်ကဲနှင့် ပြည့်ဖြိုးကျော်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၈ သိန်းနှင့်အတူ တွေ့ရစဉ်။

သိမ်းဆည်းရမိမော်တော်ယာဉ်များကို တွေ့ရစဉ်။

❒ မသန်စွမ်းအားကစားပြိုင်ပွဲမှ

F64 အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် တပ်ကြပ် ရဲမင်းစိုးက ရွှေတံဆိပ်၊ T64 အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် အောင်မြင့်ဌေး က ရွှေတံဆိပ်၊ T42, T44, T64 အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် နန်းစန်းရတနာထွန်းက ရွှေတံဆိပ်၊ SB6 အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲတွင် နန္ဒစိုးမင်းက ငွေတံဆိပ်၊ F 64 အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ဒုတိယတပ်ကြပ်ဟိန်းထက်လှိုင်က ငွေတံဆိပ်၊ T47 အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ဒုတိယတပ်ကြပ်စံတင်က ငွေတံဆိပ်၊ F41 အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ချောဇေကရီက ကြေးတံဆိပ်၊ F64 အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် စိန်ဖော့က ကြေးတံဆိပ်၊ T42, T44, T63 အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် ဇော်မင်းထွန်းက ကြေးတံဆိပ်၊ T64 အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ဒုတိယတပ်ကြပ်ထက်အောင်က ကြေးတံဆိပ်၊ T42, T44, T64 အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် လော်လာဝင်းက ကြေးတံဆိပ်၊ မျက်မမြင်စစ်တုရင် သုံးယောက်တွဲ အသင်းလိုက်ပွဲစဉ်တွင် ကောင်းစံ၊ မျိုးစံအောင်နှင့် သန့်ဇင်ဦးတို့အတွဲက ကြေးတံဆိပ်ဆုတို့ကို အသီးသီးဆွတ်ခူးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ရွှေတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၃၀၀၊ ငွေတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၂၀၀ နှင့်ကြေးတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၁၀၀ တို့ကို ဆုပေးပွဲအခမ်းအနား ကျင်းပပြီးချိန်တွင် နိုင်ငံတော်ကိုယ်စား မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး က ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့ယှဉ်ပြိုင်သော ထိုင်လျက် ဘော်လီဘော အားကစားနည်းအုပ်စု ပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်ထိုင်းအသင်းကို သုံးပွဲ နှစ်ပွဲ ဖြင့်လည်းကောင်း၊ ခုနစ်ယောက်တစ်ဖက် ဘောလုံး အမျိုးသားအုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ၂၂ ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်း အားကစားအဖွဲ့သည် ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၀ ခုနှင့် ကြေးတံဆိပ် ၁၄ ခု စုစုပေါင်းဆုတံဆိပ် ၃၅ ခု ဆွတ်ခူးထားပြီး နိုင်ငံအလိုက် အဆင့်(၆)တွင် ဆက်လက်ရပ်တည်လျက် ရှိကြောင်း သိရသည်။ STA

အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်အသုံးပြုမှုများပြားလာခြင်းနှင့်အတူ မော်တော်ယာဉ်များ မီးလောင်ကျွမ်းမှုဖြစ်စဉ်များလည်း ပေါ်ပေါက်လျက်ရှိပါသည်။ မော်တော်ယာဉ်မီးလောင်မှုဖြစ်စဉ်များတွင် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဆောင်ထားသည့် ယာဉ်များသည် အချိန်မီမီးငြိမ်းသတ်နိုင်ခဲ့သည့်အတွက် မီးလောင်ဆုံးရှုံးမှုတန်ဖိုးနည်းပါးခဲ့ကြောင်း စိစစ်တွေ့ရှိရသောကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များတွင် Saloon, Jeep, Pick up, Station Wagon, Micro Bus တို့တွင် 1 Kg တစ်လုံး၊ Mini Bus, Light Truck, Light Van တို့တွင် 2 Kg တစ်လုံး၊ Truck, Van, Container Carrier, Other တို့တွင် 3 Kg တစ်လုံး၊ Tanker, City Bus, Express Bus တို့တွင် 3 Kg နှစ်လုံး တပ်ဆင်ပါရှိရန် ညွှန်ကြားချက်ထုတ်ပြန်၍ မော်တော်ယာဉ်များ သက်တမ်းတိုးယာဉ်စစ်ဆေးရာတွင် ယာဉ်နှင့် အတူပါရှိစေရေး ဆောင်ရွက်စေခဲ့ပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ နည်းဥပဒေ ၁၀၈ တွင် "မော်တော်ယာဉ်တွင် သက်တမ်းရှိသော မီးသတ်ဆေးဘူး ထားရှိရမည်ဖြစ်ပြီး အစဉ်အမြဲကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။ မော်တော်ယာဉ်အမျိုးအစားအလိုက် ထားရှိရမည့် မီးသတ်ဆေးဘူး၏ အမျိုးအစား၊ အရွယ်အစားနှင့် အရေအတွက်တို့သည် ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ မီးသတ်ဆေးဘူးများတွင် ထုတ်လုပ်သူ၏ စံနှုန်းသတ်မှတ်ချက်များ ထင်ရှားစွာဖော်ပြထားပြီး အလွယ်တကူ အသုံးပြုနိုင်သောနေရာတွင် ထားရှိရမည်" ဟု ထည့်သွင်းဖော်ပြ၍ လိုက်နာဆောင်ရွက်စေလျက်ရှိပါသည်။

၂။ ယခုအခါ ပုဂ္ဂလိကဂျာနယ်အချို့နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် မော်တော်ယာဉ်သက်တမ်းတိုးယာဉ်စစ်ဆေးရာ၌ မီးသတ်ဆေးဘူးပါရှိစေရေး ဆောင်ရွက်နေခြင်းသည် ပြည်သူများအခက်အခဲဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရေးသားဖော်ပြလျက်ရှိပါသည်။ မော်တော်ယာဉ်များ သက်တမ်းတိုးဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် Kg အလိုက် မီးသတ်ဆေးဘူးပါရှိစေရေးသည် ဤဦးစီးဌာနအနေဖြင့် ယခုအချိန်မှဆောင်ရွက်ခြင်းမဟုတ်ဘဲ ၂၀၁၄ ခုနှစ် မေလကတည်းက စစ်ဆေးဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် ပြည်သူများ၏ မော်တော်ယာဉ်များ မီးလောင်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ထူးခြားသည့် ညအပူချိန်များ

၂၃-၁-၂၀၂၆

ဟားခါး	၂	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
ဟဲဟိုး	၃	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
နမ့်စန်	၃	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
လွိုင်လင်	၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ပင်လောင်း	၅	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
တီးတိန်	၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
လားရှိုး	၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
သီပေါ	၇	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မိုးညှင်း	၈	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
ပြင်ဦးလွင်	၈	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
လွိုင်ကော်	၈	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉ ဦးကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယဗျွန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ပြည်သူ့လုံခြုံရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Gao Yuan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)၌ ယနေ့နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် စတင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ စက်ရုံရှိ မီးသတ်ဝန်ထမ်းများနှင့် စက်ရုံဝန်ထမ်းများ၊ တပ်နယ်၊ ခရိုင်၊ မြို့နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် အတူပူးပေါင်းပြီး ပိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့မှုကြောင့် နံနက် ၇ နာရီတွင် မီးငြိမ်းသတ်နိုင်ပြီး လက်ရှိတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ မီးလောင်မှုဖြစ်ပွားခဲ့သည့် နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ မီးလောင်ကျွမ်းမှုဖြစ်စဉ် ဖြစ်ပေါ်ခဲ့ခြင်းကို စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မင်းလှမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)သို့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည့် ရေနံစိမ်းလက်ခံသိုလှောင်ကန် အခြေအနေများကို စက်ရုံမှူးက သိုလှောင်ကန်နံရံများသာ မီးလောင်ကျွမ်းခဲ့ပြီး သံကန်အတွင်း သိုလှောင်ထားသည့် ရေနံစိမ်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ လက်ရှိမီးလောင်မှုဖြစ်ပွားခဲ့သည့် သိုလှောင်ကန်နှစ်ကန်ကို အသုံးမပြုဘဲ အခြားရေနံစိမ်းသိုလှောင်ကန်များအသုံးပြုပြီး ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံနှင့် ရေနံသိုလှောင်ကန်များ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ရေနံစိမ်းသိုလှောင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပုံမှန်အတိုင်း လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ပရှိ ဆက်သွယ်ထားသည့် ပိုက်လိုင်းအနည်းငယ်သာပျက်စီးသွားပြီး ပိုက်လိုင်းအတွင်းရှိ ပိုက်လိုင်းကျန် ရေနံစိမ်းခန့်မှန်း၀ါလန် ၃၅၀ ခန့်သာ ဆုံးရှုံးခဲ့ကြောင်း၊ ပြင်ပရှိပိုက်လိုင်းများ ပျက်စီးမှုများကိုလည်း အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြခဲ့မှုများအပေါ် ဒုတိယဝန်ကြီးက မီးလောင်မှုဖြစ်ပွားရာတွင် အချိန်နှင့်တစ်ပြေးညီ ပိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့် တပ်နယ်၊ ခရိုင်၊ မြို့နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့်စက်ရုံရှိ ဝန်ထမ်းများကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ပျက်စီးဆုံးရှုံးသွားသည့် ပိုက်လိုင်းများကို ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှု ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ရန်လိုကြောင်း၊ ရေနံချက်စက်ရုံများသည် မီးလောင်ကျွမ်းနိုင်သော လောင်စာဆီများကို ကိုင်တွယ်အသုံးပြုရသည့် လုပ်ငန်းဖြစ်သည့်အတွက် အရေးပေါ် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လူ၊ စက်၊ ပစ္စည်း အဆင်သင့်ရှိနေရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိစက်ရုံ၏ မီးသတ်ဝန်ထမ်းအင်အား၊ မီးသတ်ယာဉ်နှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်း ပိုမိုလုံလောက်မှုရှိစေရန် အမြန်ဆုံးထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)၌ မီးလောင်ကျွမ်းမှုဖြစ်ပွားစဉ် စက်ရုံရှိ မီးသတ်ဝန်ထမ်းများနှင့် စက်ရုံဝန်ထမ်းများ၊ တပ်နယ်၊ ခရိုင်၊ မြို့နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များက ပိုင်းဝန်းမီးငြိမ်းသတ်နေမှုကို တွေ့ရစဉ်။

ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ။

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို ပထမအကြိမ် ပြန်လည်ခေါ်ဆောင်

ကမ္ဘောဒီးယားနိုင်ငံ၌ မြန်မာနိုင်ငံသားများ လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်စဉ်။

ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာစဉ်။



ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိစဉ်။

ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံအစိုးရအနေဖြင့် ၎င်းတို့နိုင်ငံအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ အဆိုပါ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများသည် ၎င်းတို့အစီအစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးသို့လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများက လွှဲပြောင်းပေးအပ်မှုအရလည်းကောင်း ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ၆၇၅ ဦး ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၆၇၅ ဦးအနက်မှ ပထမအသုတ်အနေဖြင့် ၁၃၆ ဦးကို မြန်မာ့လေကြောင်းလိုင်း (MAI) ဖြင့် ဇန်နဝါရီ ၂၃ ရက်(ယနေ့) နံနက်အစောပိုင်းတွင် မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကျန်ရှိသည့် မြန်မာနိုင်ငံသားများကို အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများကို အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၃

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆံမြိတ်ရှည်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး အမှတ်(၃) မဲရုံမှူး ဦးရဲလင်းဦး ၄၆ နှစ်သည် ကျောင်း၀င်းအတွင်းဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၃)၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရင်နှင့် အတူ မဲပေးစက်များ ပျက်စီးမှုမရှိစေရေး လုပ်ငန်းတာ၀နှစ်များ ဆောင်ရွက်နေစဉ် အဆိုပါကျေးရွာနေ ကျော်မိုးဦး ၃၄ နှစ်မှာ အရက်သေစာ သောက်စားမူးယစ်ကာ ရောက်ရှိလာပြီး မဲရုံမှူး ဦးရဲလင်းဦးကို ညစ်ညမ်းစွာဆဲဆိုခဲ့သဖြင့် ကျော်မိုးဦးအား ဇန်နဝါရီ ၁၅ ရက်တွင် သာစည်မြို့မရဲစခန်း က(ပ)၁၇/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ ပြည်သူ့အလုပ်သမားပါတီမှ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ကလျာကျော် ၃၅ နှစ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၄) ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းနှင့် ရှင်ထွေးညိုလမ်းထောင့်၌ ပါတီမဲဆွယ်စည်းရုံးရေး အတွက် ဆိုင်းဘုတ်စိုက်ထူရန် ပြုလုပ်နေစဉ်အဆိုပါလမ်းဆုံးအနီး အဖျော်ယမကာ ဆိုင်မှ ဦးမြတ်ကျော်သူ ၄၃ နှစ်နှင့် ၎င်း၏ ဇနီး ဒေါ်မိုးသပြေ ၄၁ နှစ်တို့က ဆိုင်းဘုတ်စိုက်ထူခြင်းမပြုလုပ်ရန် နည်းလမ်းမျိုးစုံဖြင့် လာရောက်တားမြစ်ပြီး ဦးမြတ်ကျော်သူက ညစ်ညမ်းသောအပြုအမူဖြင့်ပြုမူလုပ်ဆောင်ခဲ့သဖြင့် မြတ်ကျော်သူနှင့် မိုးသပြေတို့ကို ဇန်နဝါရီ ၁၅ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်းက (ပ)၁၀/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ခရမ်းမြို့နယ် ညောင်ကုန်းကျေးရွာ ရွာလယ်လမ်းပေါ်၌ ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်ကို အမျိုးသားနှစ်ဦးက မီးရှို့ဖျက်ဆီးနေကြောင်းသတင်းအရ ခရမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်မှာ မီးလောင်ပျက်စီးနေသည်ကို တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါကျေးရွာနေ လှဌေးအောင် ခေါ် ကိုဌေး ၄၇ နှစ်နှင့် ဖြိုးဇော်အောင် ခေါ် ရွှေလိပ် ၂၈နှစ်တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးကို ဇန်နဝါရီ ၁၇ ရက်တွင် ခရမ်းမြို့မရဲစခန်း(ပ) ၅/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့် ဖြိုးဇော်အောင် ခေါ် ရွှေလိပ် ၂၈နှစ်တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးကို ဇန်နဝါရီ ၁၇ ရက်တွင် ခရမ်းမြို့မရဲစခန်း(ပ) ၅/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့် လည်းကောင်း။

အလားတူ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သိုက်ကျင်းကျေးရွာနေ ပြည်ခိုင်ဖြိုးပါတီမှ ကျေးရွာစည်းရုံးရေးမှူး ဦးခင်မောင်ဝင်း ၅၂ နှစ်၏ ဦးလေးဖြစ်သူ ဦးမြင့်ဇော်သည် ၎င်း၏နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ ရဲဝင်းနိုင် ခေါ် ရဲလေး ၄၆ နှစ် ရောက်ရှိလာပြီး ဦးခင်မောင်ဝင်းအား "ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းမပြုရန်နှင့် လုပ်ဆောင်ပါက PDF ကိုဆက်သွယ်ပြီး သတိခိုင်းမည်" ဟု ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် ရဲဝင်းနိုင် ခေါ် ရဲလေးအား ဇန်နဝါရီ ၁၄ ရက်တွင် ပေါက်ခေါင်းမြို့မရဲစခန်းက (ပ)၄/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးနိုင်ရေးနှင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ဂရိနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူနေအိမ်နှင့် စီးပွားရေးအဆောက်အအုံများ ရေလွှမ်းမိုးခဲ့

အေသင် ဇန်နဝါရီ ၂၃

ဂရိနိုင်ငံတွင် ဇန်နဝါရီ ၂၁ ရက်ကစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူနေအိမ်နှင့် စီးပွားရေး အဆောက်အအုံများ ရေလွှမ်းမိုးခဲ့ကြောင်း ဂရိနိုင်ငံအာဏာပိုင်များက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ဂရိနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အေသင်မြို့ အပါအဝင် နိုင်ငံ၏ အခြားဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး လူနှစ်ဦး သေဆုံးခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ၊ စီးပွားရေး အဆောက်အအုံများ ရေလွှမ်းမိုးခဲ့ပြီး အချို့ဒေသများတွင် လမ်းများပေါ်သို့ ရေများဝင်ရောက်လာသဖြင့် ယာဉ်များမောင်းနှင်သွားလာရန် အခက်အခဲများဖြစ်ပေါ်ခဲ့ကာ လမ်းပန်းဆက်သွယ်ရေး အချို့ ပိတ်ဆို့သွားခဲ့ရကြောင်း သိရသည်။

အေသင်မြို့တောင်ပိုင်း ပင်လယ်ကမ်းစပ်မြို့ တစ်ခုဖြစ်သည့် Astros Kynourias မြို့တွင်လည်း ရေကြီးရေလျှံမှုကြောင့် လူတစ်ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။

လက်ရှိတွင် မီးသတ်တပ်ဖွဲ့နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ရေလွှမ်းမိုးခံရသော ဒေသများတွင် လူနေအိမ်များမှ ဒေသခံပြည်သူများကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေစုပ်ထုတ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း၊ ရေကြီးရေလျှံမှုအခြေအနေပြင်းထန်သည့် ဒေသတချို့တွင် ကျောင်းများနှင့် အများပြည်သူသုံး ဝန်ဆောင်မှုအချို့ကို ယာယီပိတ်ထားရကြောင်း ဂရိနိုင်ငံ အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

ကင်ညာနိုင်ငံတွင် မိုးခေါင်ရေရှားမှု နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ရန် ဒုတိယသမ္မတဟောင်း ဂါချာဂွါက တိုက်တွန်း

နိုင်ရိုဘီ ဇန်နဝါရီ ၂၃

ကင်ညာနိုင်ငံတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ သတ်မှတ်ပေးရန် ကင်ညာ ဒုတိယသမ္မတဟောင်း ဂါချာဂွါက လက်ရှိ အာဏာပိုင်အဖွဲ့အစည်းကို တိုက်တွန်းခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေး လုပ်ငန်းများတွင် ပျက်စီးဆုံးရှုံးမှု မြင့်မားနေသဖြင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ သတ်မှတ်မှသာ အစိုးရအဖွဲ့အနေဖြင့် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ပြည်သူများကို ထိရောက်စွာကူညီပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဂါချာဂွါက ကင်ညာသမ္မတ ရူတိုကို မိုးခေါင်မှု အရေးပေါ်အခြေအနေ သတ်မှတ်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ မိုးခေါင်မှုကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများမှာ လည်း အကူအညီလိုအပ်နေသည့် အတွက် အစိုးရအနေဖြင့်ထိရောက်စွာကူညီပေးနိုင်ရေး နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေကို မဖြစ်မနေ ကြေညာသင့်ကြောင်း ပြောကြားခဲ့သည်။

"ကင်ညာနိုင်ငံ မြောက်ဘက်ပိုင်းဒေသတွေမှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတာ ကာလတစ်ခုကြာမြင့်နေပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ တော်တော် အထိနာနေပြီဖြစ်ပါတယ်။ နေရပ်ကို စွန့်ခွာနေရတဲ့ ပြည်သူတွေလဲ များလာတယ်။ အစိုးရဆီက အကူအညီတွေလိုအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့် သမ္မတ ရူတိုအနေနဲ့ နိုင်ငံတော်အဆင့် မိုးခေါင်မှုအရေးပေါ်အခြေအနေသတ်မှတ်ပေးဖို့ လိုအပ်နေတယ်။ ဒါမှလဲ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ ပြည်သူတွေကို ထိရောက်စွာ ကူညီပေးနိုင်မှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ထိရောက်စွာကူညီနိုင်ဖို့အတွက် အရေးပေါ်အခြေအနေကို အမြန်ဆုံးသတ်မှတ် ကြေညာသင့်ပါတယ်"ဟု ကင်ညာ ဒုတိယသမ္မတဟောင်း ဂါချာဂွါက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်ခြေပေါင်း ၁၉၀၀ ကျော်ထိ ပျက်စီးခဲ့

ပေကျင်း ဇန်နဝါရီ ၂၃

တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် ယနေ့နံနက်ပိုင်းက ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်ခြေပေါင်း ၁၉၀၀ ကျော်ထိ ပျက်စီးခဲ့ကြောင်း ယူနန်ပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၂၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

လူနေအိမ်ခြေများအပြင် စာသင်ကျောင်းနှင့် အခြားသော အခြေခံ အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း၊ ဒေသခံလူဦးရေ ၃၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။

"ဒီနေ့မနက်ပိုင်းမှာ ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ ရှောင်ရှာကောင်တီကို ဗဟိုပြုပြီးတော့ လှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ မြေငလျင်ဟာ မြေအောက်အနက် ၁၀ ကီလိုမီတာ ကနေဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ လူနေအိမ်ခြေပေါင်း ၁၉၀၀ ကျော်ထိ ပျက်စီးခဲ့ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၃၀၀ ကျော်ထိ ရှိခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့သလို သေဆုံးသူလဲ မရှိခဲ့ပါဘူး။ အသေးစိတ်စစ်ဆေးမှုတွေပြုလုပ်ပြီးမှပဲ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကို နေရပ်ပြန်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်"ဟု ယူနန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ

တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်ကြောင့် နောက်ဆက်တွဲ ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိသည့်အတွက်ကြောင့် ဆူနာမီလှိုင်း အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

နယူးဇီလန်နိုင်ငံ တောင်ပိုင်းဒေသတွင် မြေပြိုမှုကြောင့် လူနှစ်ဦးသေဆုံးပြီး လူခြောက်ဦး ပျောက်ဆုံးနေဆဲဖြစ်သဖြင့် ဆက်လက်ရှာဖွေနေ

ဝယ်လင်တန် ဇန်နဝါရီ ၂၃

နယူးဇီလန်နိုင်ငံ တောင်ပိုင်းဒေသရှိ ဒေသခံများနှင့် ခရီးသွားများ ယာယီနားခိုရာစခန်းတစ်ခုတွင် ဇန်နဝါရီ ၂၁ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားကာ အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး လူခြောက်ဦး ပျောက်ဆုံးနေဆဲ ဖြစ်သဖြင့် အသက်ရှင် ကျန်ရစ်သူများကို ဆက်လက် ရှာဖွေနေသည်ဟု ဒေသခံအာဏာပိုင်များက ယနေ့တွင် အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မြေပြိုမှုကြောင့် စခန်းအတွင်းရှိ ယာယီအဆောက်အအုံများ မြေပြိုကျမှုအောက်တွင် ဖုံးလွှမ်းသွားခဲ့ပြီး လူနှစ်ဦးသေဆုံးခဲ့ကြောင်း၊ အပျက်အစီးများကြားပိတ်မိနေသူခြောက်ဦးကို မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များက စက်ယန္တရားများ အသုံးပြုကာ မြေဖယ်ရှားရေးနှင့် လူရှာဖွေရေး လုပ်ငန်းများကို အင်အားအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း အသက်ရှင်နိုင်ခြေနည်းကြောင်း၊ ထို့ကြောင့် သေဆုံးသူ အရေအတွက် တိုးလာနိုင်ကြောင်း သိရသည်။

ဒေသခံ အာဏာပိုင်များ၏ ပြောကြားချက်အရ ဒေသခံနှင့် ခရီးသွား ထိခိုက်ဒဏ်ရာရရှိသူ ၁၀ ဦးခန့်ကို ကယ်ဆယ်နိုင်ခဲ့ပြီး အနီးအနားရှိ ဆေးရုံများသို့ ပို့ဆောင်ကုသထားကြောင်း သိရသည်။

မိုးရွာသွန်းမှု ဆက်လက်ဖြစ်ပွားနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အခက်အခဲများ ရှိနေကြောင်း၊ ယနေ့တွင် အန္တရာယ်ရှိနိုင်သည့် ဒေသများမှ ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးပြီး ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

သြစတြေးလျနိုင်ငံ အယ်ဒီလိတ်မြို့အနီးတွင် လောင်ကျွမ်းနေသောတောမီး လူနေအိမ်ခြေများသို့ကူးစက်လောင်ကျွမ်းမှုကြောင့် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်

ကင်ဘာရာ ဇန်နဝါရီ ၂၃

သြစတြေးလျနိုင်ငံ တောင်သြစတြေးလျပြည်နယ် အယ်ဒီလိတ်မြို့အနီးတွင် ဇန်နဝါရီ ၂၂ ရက်မှ စတင်လောင်ကျွမ်းနေသော တောမီးသည် လူနေအိမ်ခြေများ ဆီသို့ ကူးစက်လောင်ကျွမ်းနေမှုကြောင့် အရေးပေါ်အခြေအနေ အဖြစ်သတ်မှတ်ကြောင်း တောင်သြစတြေးလျပြည်နယ်အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၆၄၀ ထိ လောင်ကျွမ်းပျက်စီးကာ လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ အပူချိန်မြင့်တက်နေသည့်အတွက် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး တောင်သြစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ နေရာချပေးထားကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းနေသည့် အယ်ဒီလိတ်မြို့ တောင်ဘက်ပိုင်းမှ ဒေသခံများမှာ ဘေးလွတ်ရာ ရွှေ့ပြောင်းနေဆဲ ဖြစ်သည့်အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

"အယ်ဒီလိတ်မြို့ တောင်ဘက်ပိုင်းမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေတွေနဲ့ အခြေခံအဆောက်အအုံတွေ ပျက်စီးခဲ့ပါတယ်။ တောမီးကိုထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု တောင်သြစတြေးလျ ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

လေထုညစ်ညမ်းမှုအန္တရာယ် သတိပြုစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

လေထုညစ်ညမ်းမှုသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများစွာရှိသော ပြဿနာတစ်ခုဖြစ်သည်။ မြို့ပြနေထိုင်မှုများနှင့် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ မော်တော်ကားအသုံးပြုမှုများ ကဲ့သို့သော လူမှုစီးပွားရေးလုပ်ငန်းများမှ ထွက်ပေါ်လာသောညစ်ညမ်းမှုများကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည်။ ကမ္ဘာတစ်ဝန်း၌ လူ ၁၀ ဦးလျှင် ကိုးဦးသည် မသန့်ရှင်းသောလေကိုရှူရှိုက်နေရကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူပေါင်း ခုနစ်သန်းခန့်သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

လေထုညစ်ညမ်းမှုကြောင့် သက်ရှိသက်မဲ့များစွာအပေါ်သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် လေထုညစ်ညမ်းမှုကြောင့် အက်စစ်မိုးရွာသွန်းခြင်း၊ နေရောင်ခြည်မှေးမှိန်လာခြင်း၊ မြူများထူထပ်လာခြင်း၊ အမြင်စွမ်းအားမှုန်လာခြင်း၊ လယ်ယာ၊ သစ်တောနှင့် တောရိုင်းတိရစ္ဆာန်တို့၏ နေထိုင်မှုဘဝပျက်စီးခြင်း၊ ဂေဟာစနစ်ပျက်စီးခြင်း၊ စီးပွားရေးဆိုင်ရာဆုတ်ယုတ်မှုဖြစ်ပွားခြင်း စသည့်ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လေထုထဲရှိ ကာဗွန်မိုနောက်ဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်တို့သည် အဆိပ်အတောက်ဖြစ်စေသောဓာတ်ငွေ့များ ဖြစ်ကြောင်း သတိပေးထားသည်။

လေထုအရည်အသွေး

လေထုသည် ကောင်းမွန်သောအရည်အသွေးရှိနေပြီး လေထုအတွင်းရှိ အရည်အသွေးညွှန်းကိန်း (Air Quality Index–AQI)သတ်မှတ်ရာ၌ သုည မှ ၅၀ ထိ ဆိုလျှင် အစိမ်းရောင်အဆင့်သတ်မှတ်ပြီး လေအရည်အသွေးကောင်းမွန်သည်။ ၅၁ မှ ၁၀၀ ဆိုလျှင် အဝါရောင်အဆင့်သတ်မှတ်ပြီး လေအရည်အသွေးအသင့်အတင့်ကောင်းမွန်သည်။ ၁၀၁ မှ ၁၅၀ ထိရှိလျှင် လိမ္မော်ရောင်အဆင့်သတ်မှတ်ပြီး အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များနှင့် ကျန်းမာရေးညံ့သူများအတွက် စောင့်ကြည့်ရန်လိုသောအခြေအနေဖြစ်သည်။ ၁၅၁ မှ ၂၀၀ ထိ ရောက်ခဲ့သော် အနီရောင်အဆင့်ဖြစ်သည်။ အန္တရာယ်လမ်းသို့ဦးတည်နေပြီဖြစ်သည်။ ၂၀၁ မှ ၃၀၀ သို့ ရောက်ရှိသော် ခရမ်းရောင်အဆင့်ဖြစ်ပြီး အန္တရာယ်နှင့်တွေ့ကြုံရမည်ဖြစ်သည်။ ၃၀၁ နှင့် အထက်ရှိလျှင် နီညိုရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး ဆိုးရွားသော လေအဆင့်ညွှန်းကိန်းဖြစ်သည်။

အကြောင်းတရားများ

လေထုအတွင်း၌ PM 2.5 အမှုန်အမွှားများ များပြားလာသည့်အခါ လေထုညစ်ညမ်းမှုဖြစ်ပေါ်လေ့ရှိသည်။ စက်မှုလုပ်ငန်းများ၊ မော်တော်ကားများ၊ ဘတ်စကားများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ ကျောက်မီးသွေးဖြင့် စွမ်းအင်ထုတ်လုပ်မှုများ၊ မိုင်းတွင်းလုပ်ငန်းများ၊ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများ၊ ထင်းမီးသွေးအသုံးပြုမှုများ၊ အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်ထွန်းညှိခြင်းများသည် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်သဖြင့် လေထုညစ်ညမ်းမှုအများ

❖ လေထုညစ်ညမ်းမှုသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေလျက်ရှိသည်။ လေထုညစ်ညမ်းမှုသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်လျက်ရှိပြီး ကလေးငယ်များ ကင်ဆာ၊ နှလုံးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ပြင်းထန်စွာဖြစ်ပေါ်စေနိုင်သည်။ လေထုညစ်ညမ်းမှုကြောင့် အိုဇုန်းလွှာပါးလွှာခြင်း၊ အက်စစ်မိုးများရွာသွန်းခြင်း စသည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ ❖

ဆုံးဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာလေ လေထုပမာဏညစ်ညမ်းမှု သိပ်သည်းလာလေပင်ဖြစ်သည်။

အထူးသဖြင့် ဆောင်းရာသီ၌ အပူချိန်ကျဆင်းခြင်း၊ လေငြိမ်ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် မော်တော်ကားများမှထွက်ပေါ်လာသော မီးခိုးများနှင့်မြူမှုန်များ၊ တောမီးလောင်ကျွမ်းမှုများကြောင့် လေထုညစ်ညမ်းမှုမြင့်မားလေဖြစ်သည်။ သာဓကအနေဖြင့် ကျွန်တော်တို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် နှစ်စဉ်လေထုညစ်ညမ်းမှုများကြောင့် ကျောင်းများပိတ်ရခြင်း၊ ရုံးလုပ်ငန်းများကိုလည်း နေအိမ်မှလုပ်ဆောင်ရခြင်းများရှိနေသည်။ ဆိုရလျှင် လေထုညစ်ညမ်းမှုသည် ကျန်းမာရေးအပြင် စီးပွားရေးဆိုင်ရာသက်ရောက်မှုများစွာကိုလည်း ဖြစ်ပေါ်စေလျက်ရှိသည်။

ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ

လေထုအတွင်းရှိ ညစ်ညမ်းသောအမှုန်အမွှားများသည် ချောင်းဆိုး၊ ရင်ကျပ်၊ အသက်ရှူမဝခြင်း၊ ပန်းနာရင်ကျပ်ခြင်းစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အဆုတ်ကင်ဆာ၊ ဆီးလမ်းကြောင်းနှင့် ဆီးအိမ်ကင်ဆာ၊ ပန်းနာရင်ကျပ်ရောဂါ၊ နာတာရှည်လေပြွန်ရောင်ရမ်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးနှင့် လေဖြတ်ရောဂါ၊ စိတ်ကျရောဂါ၊ ခုခံအားကျဆင်းခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ မျက်စိယားယံခြင်း၊ နှာရည်ယိုခြင်း၊ လည်ပင်းနာခြင်း၊ ခေါင်းကိုက်ခြင်း စသည့်ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် လေထုညစ်ညမ်းမှုဒဏ်ကို အများဆုံးခံစားရလေ့ရှိသည်။ ထို့ပြင် လေထုညစ်ညမ်းမှုသည် လူမှုအသိုက်အဝန်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင်လည်း ဆိုးကျိုးများစွာသက်ရောက်လျက်ရှိသည်။

လေထုညစ်ညမ်းမှုကို ဘယ်လိုလျှော့ချမလဲ

ကမ္ဘာတစ်ဝန်း၌ လူ ၁၀ ဦးလျှင် ကိုးဦးသည် ညစ်ညမ်းသောလေကို ရှူနေရသဖြင့် နှစ်စဉ်လူခုနစ်သန်းခန့် သေဆုံးရလျက်ရှိသည်။ ထို့ကြောင့် အများပြည်သူ သွားလာနေထိုင်ရာနေရာများတွင် ဆေးလိပ်သောက်သုံးမှု ရှောင်ကြဉ်ခြင်းအပါအဝင် လေထုညစ်ညမ်းမှုလျှော့ချရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးအသွင်ဖြင့် လုပ်ဆောင်သွားရန်လိုအပ်နေပြီဖြစ်သည်။ ဆိုရလျှင် ညစ်ညမ်းသော လေကြောင့် ဘက်တီးရီးယားများ လည်ချောင်းမှတစ်ဆင့် အဆုတ်အတွင်းသို့ ဝင်ရောက်ကာ အဆုတ်ရောင်ရောဂါဖြစ်ပွားမှုများသည် ကမ္ဘာတစ်ဝန်း၌ မြင့်တက်လာလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့လေထုသန့်ရှင်းရေးအတွက် လူသားတိုင်းတွင် တာဝန်ရှိသည်။

လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် ခရီးနီးလျှင် လမ်းလျှောက်ခြင်း၊ ခရီးဝေးလျှင် စက်ဘီးစီးခြင်း၊ အများသုံးပို့ဆောင်ရေး ဘတ်စကား၊ ရထားများအသုံးပြုခြင်း၊ စွမ်းအင်ချွေတာခြင်း၊ နေရောင်ခြည်နှင့် လေစွမ်းအင်အသုံးပြုခြင်း၊ စွမ်းအင်ချွေတာသည့်ပစ္စည်းများအသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုခြင်း၊ စက်ရုံများမှထွက်လာသော ဓာတ်ငွေ့များကိုသန့်စင်စေခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းတို့ကို စနစ်တကျလုပ်ဆောင်သွားသင့်သည်။

လေထုညစ်ညမ်းမှုသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေလျက်ရှိသည်။ လေထုညစ်ညမ်းမှုသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်လျက်ရှိပြီး ကလေးငယ်များ ကင်ဆာ၊ နှလုံးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ပြင်းထန်စွာဖြစ်ပေါ်စေနိုင်သည်။ လေထုညစ်ညမ်းမှုကြောင့် အိုဇုန်းလွှာပါးလွှာခြင်း၊ အက်စစ်မိုးများရွာသွန်းခြင်း စသည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ကြောင့် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် သန့်ရှင်းသောနည်းပညာနှင့် သန့်ရှင်းသော စွမ်းအင်ကိုပြောင်းလဲအသုံးပြုခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း၊ လျှပ်စစ်ကားများအသုံးပြုခြင်း၊ မြို့ပြများတွင် အစိမ်းရောင်နေရာများသတ်မှတ်ကာ သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးခြင်းတို့ကို အလေးထားလုပ်ဆောင်သွားသင့်သည်။

လေထုညစ်ညမ်းမှုသည် လူသားတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမားသော သက်ရောက်မှုများဖြစ်ပေါ်စေလျက်ရှိသည်။ လေထုညစ်ညမ်းမှုသည် အဆောက်အအုံတွင်း၌လည်းကောင်း၊ ပြင်ပပတ်ဝန်းကျင်၌လည်းကောင်း ဖြစ်ပေါ်လေ့ရှိသည်။ ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများကို ရှောင်ကြဉ်ခြင်း၊ အမှိုက်များကို မီးမရှို့ဘဲစနစ်တကျစွန့်ပစ်ခြင်း၊ ထင်းမီးသွေးအသုံးပြုမှုလျှော့ချခြင်း၊ မြို့ပြတည်ဆောက်မှုလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်ခြင်းအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ကာ လေထုညစ်ညမ်းမှုလျှော့ချရေး ဝိုင်းဝန်းကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

- https://www. The Impacts of Air Pollution on Human Health
- https://who compendium on health and environment/w

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၃၃၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မြောင်းမြ ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၃၃၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၄၇၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ်နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ငရုတ် ၃၃၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်များ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

''ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ ငရုတ်တွေလျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ အခုနှစ် ငရုတ်စိုက်ပျိုးရာမှာ ဒေသရာသီဥတုနဲ့ ကိုက်ညီတဲ့အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးနေပါတယ်။ ငရုတ်မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဆက်လက်ပြီး တော့လဲ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၉၇၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ဝက်လက် ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၉၇၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၄၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၇၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဖူးစားပြောင်း ၂၁၄၅၁ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၉၇၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်း စိုက်ပျိုးရာမှာ လျာထား ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင် မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှု မရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြပြသည်။

ဝက်လက်မြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ရွှေသောင်ယံကမ်းခြေသို့ ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၂၂၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့

ပုသိမ် ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၂၂၂၄၃ ဦးထိလာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ၂၀၂၅ခုနှစ် နိုဝင်ဘာလအတွင်းက ခရီးသွားဧည့်သည် ၁၂၂၄၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၂၂၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလအတွင်းက ရွှေသောင်ယံ ကမ်းခြေကို ခရီးသွားအပန်းဖြေသူတွေလာရောက်မှုများခဲ့ပါတယ်။ ခရစ္စမတ်ကာလတွေမှာ လာတဲ့သူတွေပိုများခဲ့တာ ဖြစ်ပါတယ်။ လာတဲ့ ဧည့်သည်တွေက နေ့ချင်းပြန်တဲ့ ဧည့်သည်များသလို တည်းခိုနေထိုင်သူတွေ လဲရှိခဲ့ပါတယ်။ ရွှေသောင်ယံ ကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါလာခဲ့ပါတယ်"ဟုရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ အလုံးရေ၂၀ ကျော်ဖြင့် ခရီးသွားများကို ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း၊ ထို့ပြင် ကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ဧည့်သည်များ အဆင်ပြေစေရန်အတွက် အုပ်ချုပ်ရေးအဖွဲ့များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားဝန်ဆောင်မှုပေးသည့်အသင်းအဖွဲ့များ၊ ကမ်းခြေစည်းကမ်းထိန်းသိမ်းရေး အဖွဲ့များ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းရှင်များ၊ ဒေသခံများ ပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဘားအံမြို့နယ် ကော့သာခေါင်ကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်း စစ်ဆေး

ဘားအံ ဇန်နဝါရီ ၂၃

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကော့သာခေါင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကုမ္ဗဏီမှတာဝန်ရှိသူများ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကော့သာခေါင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာက လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ကော့သာခေါင်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် မြေသား သုံးပေ၊ ဂဝံ ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၂၄ ဒသမ ၉ သန်းဖြင့် KZ Nine ကုမ္ဗဏီက ၂၀၂၅ခုနှစ် သြဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆက်လူ

လေးမျက်နှာမြို့နယ် အချုပ်ကြီးကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

လေးမျက်နှာ ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟသံ်ဘာခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားဖြူးကျင်းကျေးရွာအုပ်စု အချုပ်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အချုပ်ကြီးကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး သက်ဆိုင်သူများက ဝိုင်းဝန်းထိန်းသိမ်းရမည် ဖြစ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါ အချုပ်ကြီးကျေးရွာ၌ အရှည် ၂၆၄၇ ပေ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် ၁၆ ဒသမ ၇၆ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ပြောပြ၍ သိရသည်။

သံသာ

ရပ်စောက်မြို့နယ် ပိန်ခဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရပ်စောက် ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးကုန်းကျေးရွာအုပ်စု ပိန်ခဲကုန်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပိန်ခဲကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိန်ခဲကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မောင်ခိုင်

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ခိုင်ရန်

ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

အမေရိကန်နိုင်ငံ၏စစ်လက်နက်ပစ္စည်းတင်ပို့ရောင်းချမှုများ

မောင်ဝေလွမ်း(သုတေသီ)

ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေများ သိသိသာသာပြောင်းလဲနေမှုကို ကမ္ဘာ့နိုင်ငံတိုင်းက လက်ခံထားပြီးဖြစ်သည်။ ပထမကမ္ဘာစစ်ဖြစ်ပွားချိန်တွင် ကိုလိုနီနယ်မြေအပြိုင်အဆိုင်ရှာဖွေခြင်း၊ အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်လာခြင်း၊ စက်မှုထွန်းကားမှုကြောင့် စက်မှုကုန်ကြမ်းရှာဖွေခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်ကြသည်။ ကမ္ဘာ့မျက်မှောက်ခေတ်ပဋ္ဌိပက္ခများတွင်မူ အင်အားကြီးနိုင်ငံများအားပြိုင်လာခြင်း၊ ကိုယ်စားစစ်(ကြားခံစစ်)များဖြင့် လှုံ့ဆော်ဆင်နွှဲခြင်း၊ ခေတ်မီစစ်လက်နက်ပစ္စည်းရောင်းချခြင်းဖြင့် နိုင်ငံ့အကျိုးစီးပွားရှာဖွေခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်လာသည်ဟုဆိုရမည်ဖြစ်သည်။ မကြာသေးသည့် နှစ်များအတွင်းဖြစ်ပွားခဲ့သည့် ကမ္ဘာ့ပဋ္ဌိပက္ခများကို ကြည့်မည်ဆိုပါက ၎င်းပဋ္ဌိပက္ခများ မတိုင်မီတွင် အမေရိကန်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းများ အလုံးအရင်းဖြင့် ကြိုတင်ပံ့ပိုးရောင်းချမှုများ၊ ဖြစ်ပွားနေစဉ် ရောင်းချမှုများသည် အဓိကဖြစ်လာသည်ကိုတွေ့ရှိရမည်ဖြစ်သည်။

အစ္စရေးသို့ရောင်းချမှု

အမေရိကန်နိုင်ငံသည် အစ္စရေးနိုင်ငံထူထောင်ပြီး ပထမဆယ်စုနှစ် နှစ်ခုတွင် အရှေ့အလယ်ပိုင်းဒေသတွင်းနိုင်ငံများကြား ဆက်ဆံရေးကင်းကွာမှုနှင့် လက်နက်ပြိုင်ပွဲလုံ့ဆော်မှုများ ပေါ်ပေါက်လာမည်ကိုစိုးရိမ်သောကြောင့် အစ္စရေးအပေါ်လက်နက်ရောင်းချမှုကို ကန့်သတ်ခဲ့သည်။ ထိုစဉ်က အစ္စရေးသည် လက်နက်ကြီးများအတွက် ပြင်သစ်နိုင်ငံအပေါ် မှီခိုခဲ့ရသည်။ သို့သော် တင့်ကားများအပါအဝင် အမေရိကန်တင့်ကားများကိုလည်း အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် အရှေ့အလယ်ပိုင်းဒေသ၌ အစ္စရေးသည် အမေရိကန်နိုင်ငံ၏အခိုင်အမာ မဟာမိတ်ဖြစ်လာသကဲ့သို့ အမေရိကန်နိုင်ငံ၏ ဒေသတွင်းလှုပ်ရှားမှုများစွာကို ပြန်လည်အထောက်အပံ့ပြုလျက်ရှိသည်။

အစ္စရေးအနေဖြင့် လက်နက်တင်သွင်းရာ၌ တိုက်လေယာဉ်နှင့် ဒုံးကျည်ကာကွယ်ရေးနည်းပညာတွင် အမေရိကန်နိုင်ငံကို အဓိကအားထားဆဲဖြစ်သည်။ အမေရိကန်က အစ္စရေးသို့ ပံ့ပိုးပေးသည့် လက်နက်များသည် အစ္စရေးအနေဖြင့် အိမ်နီးချင်းနိုင်ငံများကြား ရပ်တည်ရာတွင် စစ်ရေးဆိုင်ရာ အားသာချက်ရရှိမှုကို အထောက်အကူဖြစ်စေပြီး အစ္စရေး-အမေရိကန်ဆက်ဆံရေး၏ နက်ရှိုင်းမှုကိုလည်း ထင်ဟပ်စေသည်။ ထို့ပြင် အစ္စရေးသည် အမေရိကန်နိုင်ငံက ဦးဆောင်တည်ဆောက်သည့် F-35 တိုက်လေယာဉ်စီမံကိန်းတွင်လည်း ပါဝင်ခဲ့ပြီး အမေရိကန်နိုင်ငံပြင်ပတွင် ၎င်းတိုက်လေယာဉ်များ ပထမဆုံးအသုံးပြုသည့်နိုင်ငံဖြစ်လာခဲ့သည်။ အမေရိကန်နိုင်ငံက အစ္စရေးသို့ပံ့ပိုးမည့် လက်နက်တင်ပို့ရောင်းချရေးနားလည်မှုစာချွန်လွှာအရ ၂၀၁၉ ခုနှစ်မှ ၂၀၂၈ ခုနှစ်ထိ ဆယ်နှစ်ကြာကာလအတွင်း အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံတန်ဖိုးရှိကြောင်း တွေ့ရှိရသည်။

မကြာသေးသည့်နှစ်များအတွင်း အစ္စရေးသည် အမေရိကန်ထံမှဝယ်ယူထားသည့် လက်နက်များတွင် F-15 တိုက်လေယာဉ် ၅၉ စင်း၊ F-16 တိုက်လေယာဉ် ၂၁၉ စင်း၊ C-130J-30 ငါးစင်း၊ C-130 ၁၄ စင်း၊ Boeign 707 ရှစ်စင်း၊ AH-64 Apache တိုက်ခိုက်ရေးရဟတ်ယာဉ် ၆၄ စင်းပါဝင်သည်။ အခြားလက်နက်များတွင် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်လေးခု၊ Iron Dome စနစ် ၁၀ ခု၊ David's Sling စနစ်များ၊ ၁၅၅ မီလီမီတာ ယာဉ်ဟောင်စစ်ဇာအမြောက် အလက် ၃၅၀၊ ပင်မတိုက်ပွဲဝင်တင့်ကား အစီး ၁၀၃၀၊ သံချပ်ကာ လူသယ်ယာဉ် ၃၈၅ စီးပါဝင်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လတွင်လည်း အမေရိကန်သည် အစ္စရေးသို့တိုက်လေယာဉ်များနှင့် အခြားစစ်လက်နက်ပစ္စည်းများကို ဒေါ်လာ ဘီလီယံ ၂၀ ဖြင့် ရောင်းချရန် အတည်ပြုခဲ့သည်။ နောက်ဆုံး စီစဉ်ထားသည့်တင်ပို့မှုတွင် ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်များ၊ Hellfire ဒုံးကျည်များ၊ အမြောက်ကျည်များနှင့် ဗုံးများပါဝင်သည်။ စတေဘုဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာန (SIPRI) ၏ အဆိုအရ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အစ္စရေး၏ အဓိကသမားရိုးကျလက်နက်တင်သွင်းမှုတွင် အမေရိကန် ၏တင်သွင်းမှုသည် ၆၉ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် အမေရိကန်သတင်းစာ The Wall Street Journal မှ ထုတ်ဝေသောသတင်းများအရ ထရမ့်အစိုးရက အစ္စရေးကို စစ်ရေးမဟုတ်သည့်ပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမဟုတ်သည့် အထောက်အပံ့ ဒေါ်လာသန်း ၃၀၀ ကျော် ပံ့ပိုးပေးမှုပါဝင်သည်။ အမေရိကန်သည် ယူကရိန်းသို့ ကြာရှည်ခံနိုင်သည့် စစ်ဘက်အထောက်အပံ့ကိုလည်း ပံ့ပိုးပေးလျက်ရှိရာ ၎င်းကို အသစ်ဖွဲ့စည်းခဲ့သည့် ယူကရိန်းလုံခြုံရေးအထောက်အပံ့အစီအစဉ်မှတစ်ဆင့် ပံ့ပိုးပေးခြင်းဖြစ်သည်။ ၎င်းအစီအစဉ်က ယူကရိန်းနိုင်ငံ အနေဖြင့် ကျူးကျော်မှုများကို ကာကွယ်ရန် ပံ့ပိုးပေးသည်ဟုဆိုသည်။

အမေရိကန်နိုင်ငံသည် ယူကရိန်းသို့ပံ့ပိုးပေးသည့် ပစ္စည်းများတွင် ၂၀၁၄ ခုနှစ်အတွင်းက ဒေါ်လာသန်း ၈၀ ဖိုးနှင့် ၂၀၁၅ ခုနှစ်ခန့်က ဒေါ်လာ ၃၁၅ သန်းဖိုးရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ဒေါ်လာ ၅၀၇ သန်းရှိခဲ့ပြီး ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိ ကျော်နှင့် ခဲယမ်း သန်း ၅၀ ကျော်၊ လေဆာပဲ့ထိန်းရော့ကတ်စနစ်များ၊ ဆက်သွယ်ရေးနှင့် ထောက်လှမ်းရေးပစ္စည်းများပါဝင်သည်။

တရုတ်(တိုင်ပေ)သို့ရောင်းချမှု

အမေရိကန်သည် တရုတ်(တိုင်ပေ)ကာကွယ်ရေးဥပဒေအရ တရုတ်(တိုင်ပေ)သို့ စစ်ရေးအထောက်အပံ့များ ဖြည်းဖြည်းချင်း တိုးမြှင့်ဆောင်ရွက်လာခဲ့သည်။ အမေရိကန်မရိန်းတပ်ဖွဲ့များက တရုတ်(တိုင်ပေ)တွင် လေ့ကျင့်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်ဟု ၂၀၂၄ ခုနှစ်တွင် တရုတ်(တိုင်ပေ)အစိုးရက အများပြည်သူသို့ အသိအမှတ်ပြုဖော်ပြခဲ့သည်။ တရုတ်(တိုင်ပေ)၏ စစ်ရေးအသင့်ဖြစ်မှုမြှင့်တင်ခြင်းကို အထောက်အပံ့ပြုရန်အတွက် အမေရိကန်မရိန်းတပ်ဖွဲ့တစ်ခုကို တရုတ်(တိုင်ပေ)၌ ဖြန့်ကြက်ထားသည်။ ယခင်က တရုတ်(တိုင်ပေ)သို့ရောင်းချသည့် စစ်လက်နက်ပစ္စည်းများတွင် ဒုံးခွင်းဒုံးများကို ဦးစားပေးရောင်းချခဲ့သည်။

တရုတ်(တိုင်ပေ)သတင်းစာ The Liberty Time ၏အဆိုအရ တရုတ်(တိုင်ပေ)သည် မကြာမီတွင် အမေရိကန်နိုင်ငံထံမှ မြေပြင်မှပစ်လွှတ်သော RGM-84L-4 Block II (U) Harpoon သင်္ဘောဖျက်ဒုံးကျည်စနစ်များကို ပထမဆုံးတင်သွင်းခွင့်ရရှိတော့မည်ဖြစ်သည်။ ဒုံးကျည်ပစ်လွှတ်ယာဉ်ငါးစီးနှင့် ရေဒါယာဉ်တစ်စီးကို ၂၀၂၅ ခုနှစ် ပထမသုံးလပတ်အတွင်း တရားဝင်လွှဲပြောင်းပေးခဲ့သည်။ ဤပေးပို့မှုသည် တရုတ်(တိုင်ပေ)၏ ပစ်လွှတ်မှုယာဉ်အစီး ၁၀၀ နှင့် RGM-84L-4 Block II (U) ဒုံးကျည်အစင်း ၄၀၀ ဝယ်ယူမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ၂၀၂၁-၂၀၃၀ ကာလအတွက် အတည်ပြုထားသည့် ဆယ်နှစ်ကြာ ဝယ်ယူရေးအစီအစဉ်အရ အမေရိကန် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံတန်ဖိုးရှိသည်။ ဝယ်ယူရေးအစီအစဉ်၏ရည်ရွယ်ချက်မှာ မြေပြင်အခြေစိုက်ပင်လယ်ရေကြောင်းငြင်းဆိုမှုအပေါ် မဟာဗျူဟာမြောက်အလေးပေးမှုနှင့်ညီရန်လိုသော ရေတပ်များကို ကုန်းတွင်းမှတိုက်ခိုက်မည့် တရုတ်(တိုင်ပေ)၏ စွမ်းရည်ကိုမြှင့်တင်ရန်ဖြစ်သည်ဟုဆိုသည်။ အပြည့်အဝ ဝယ်ယူမှုကိုပို့ဆောင်မှုအဆင့်နှစ်ခုဖြင့် ခွဲခြားထားပြီး ပထမအဆင့်တွင် ၂၀၂၆ ခုနှစ်ကုန်၌ ဒုံးပစ်စနစ် ၃၂ ခုပေးပို့ပြီး ဒုတိယအဆင့်တွင် ကျန်ဒုံးပစ်စနစ် ၆၈ ခုပါဝင်ကာ ၂၀၂၈ ခုနှစ်မကုန်မီ ပေးပို့မည်ဖြစ်သည်။ အချို့သောအထောက်အပံ့ပစ္စည်းများကို ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်တွင် ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အမေရိကန်သည် ကမ္ဘာတစ်ဝန်းရှိ ပဋ္ဌိပက္ခများ၊ လုံခြုံရေးဆိုင်ရာ ပဋ္ဌိပက္ခများတွင် အသွင်မျိုးစုံဖြင့် ဆက်စပ်လျက်ရှိပြီး အဓိကအားဖြင့် စစ်လက်နက်ပစ္စည်းပံ့ပိုးရောင်းချမှုများနှင့် သက်ဆိုင်လျက်ရှိသည်။ အစ္စရေးနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ ပုံမှန်ရောင်းချခဲ့ခြင်းကြောင့် ပဋ္ဌိပက္ခများ ယနေ့ထိတိုင် ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဒေသတွင်း၌ စစ်ရေးအရ တင်းမာမှုများဖြစ်လာနိုင်ကာ မတည်မငြိမ်မှုကို ပိုမိုဆိုးရွားစေနိုင်မည့်အလားအလာရှိလာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

❖ မကြာသေးသည့်နှစ်များအတွင်း အစ္စရေးသည် အမေရိကန်ထံမှဝယ်ယူထားသည့် လက်နက်များတွင် F-15 တိုက်လေယာဉ် ၅၉ စင်း၊ F-16 တိုက်လေယာဉ် ၂၁၉ စင်း၊ C-130J-30 ငါးစင်း၊ C-130 ၁၄ စင်း၊ Boeign 707 ရှစ်စင်း၊ AH-64 Apache တိုက်ခိုက်ရေးရဟတ်ယာဉ် ၆၄ စင်းပါဝင်သည်။ အခြားလက်နက်များတွင် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်လေးခု၊ Iron Dome စနစ် ၁၀ ခု၊ David's Sling စနစ်များ၊ ၁၅၅ မီလီမီတာယာဉ် ဟောင်ဝစ်ဇာအမြောက် အလက် ၃၅၀၊ ပင်မတိုက်ပွဲဝင်တင့်ကား အစီး ၁၀၃၀၊ သံချပ်ကာ လူသယ်ယာဉ် ၃၈၅ စီးပါဝင်သည်။ ❖

ကိုးကား

- US Security Assistance to Ukraine by CRS, June 2022.
- U.S. Boeing Confirms Production and Delivery of 25 F-15 Fighter Jets for Israel, Defense News, December, 2025.
- US Arms sales to Taiwan risk hollowing out the Island's economy, CGTN, December 2025.

တနင်္ဂနွေနေ့ညရဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက အေဗီလာအသင်း၊ အေစီမီလန်အသင်း၊ ဆိုစီဒက်အသင်းတို့ကို အကြိုက်တွေ့မိပါတယ်

ML

ပြီးခဲ့တဲ့ကြားရက်မှာ ဥရောပပွဲစဉ်တွေဖြစ်တဲ့ ယူရိုပါလိဂ်ပွဲစဉ်တွေ ပြန်လည်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အဲဒီပွဲစဉ်တွေထဲကမှ ဥရောပထိပ်သီးအသင်းအများစုဟာ နိုင်ပွဲအသီးသီးရရှိခဲ့ကာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်တဲ့ အခြေအနေကောင်းရရှိထားပါတယ်။ အေဗီလာ၊ လိုင်ယွန်၊ ဖရိုင်းဘတ်၊ ရိုးမားအသင်းတို့အနေနဲ့ လက်ကျန်ပွဲစဉ်မှာ သရေတစ်မှတ်ရရှိရုံနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်ပေမဲ့ ဘက်တစ်၊ စတုဂတ်၊ ဘိုလော့ဂ်နာ၊ နော်တင်ဟမ်၊ ဆဲလ်တာဗီဂိုအသင်းတို့အနေနဲ့ကတော့ နိုင်ပွဲရဖို့လိုအပ်နေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ ဥရောပပြိုင်ပွဲဖြစ်တဲ့ယူရိုပါလိဂ်အပြင် ဒီတစ်ပတ်မှာ ယှဉ်ပြိုင်ကစားမဲ့အမှတ်ပေးပြိုင်ပွဲတွေမှာပါ အာရုံစိုက်ကစားနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒီနှစ်ဘောလုံးရာသီ ဒုတိယရာသီ ဝက်ကာလအနေနဲ့ ပြိုင်ပွဲအသီးသီးအတွက် အသင်းတိုင်းမှာ ရည်မှန်းချက်ကိုယ်စီကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ကာလဖြစ်နေပါတယ်။ ပရီးမီးယားလီဂ်မှာဆိုရင် အာဆင်နယ်အသင်းက အဆင့်(၁)နေရာမှာ ဦးဆောင်ရပ်တည်နေသလို ဂျာမန်ဘွန်ဒက်စ်လီဂ်မှာလဲ ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၂)နေရာက ဒေါ့မွန်အသင်းကို ၁၁ မှတ်ထိဖြတ်ထားနိုင်ပြီး အဆင့်(၁)နေရာမှာ ဦးဆောင်ထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ စီးရီးအေပွဲစဉ်မှာတော့ အဆင့်(၁) နေရာက အင်တာမီလန်အသင်းနဲ့ အဆင့်(၂)နေရာက အေစီမီလန်အသင်းက သုံးမှတ်အကွာ၊ စပိန်လာလီဂါမှာ အဆင့်(၁)နေရာက ဘာစီလိုနာအသင်းနဲ့ အဆင့်(၂)နေရာက ရီးရဲလ်မက်ဒရစ်အသင်းတို့က တစ်မှတ်အကွာနဲ့ အသီးသီး ရပ်တည်နေကြတာဖြစ်လို့ ၂၀၂၅-၂၀၂၆ အမှတ်ပေးပြိုင်ပွဲတွေ အနေနဲ့လဲ ချန်ပီယံဆုအတွက် ပရိသတ်စိတ်ဝင်စားစေမဲ့ပွဲစဉ်တွေ အဖြစ်မြင်တွေ့လာရအုံးမှာဖြစ်ပါတယ်။

အေဗီလာအသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်မှာ ပရီးမီးယားလီဂ်ပွဲစဉ်တွေထဲက ပထမဆုံးစိတ်ဝင်စားမိတဲ့ပွဲစဉ်ကတော့ နယူးကာဆယ်အသင်းနဲ့ အေဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းဟာ ပွဲစဉ်(၂၃)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ ပွဲစဉ်(၂၂)မှာတော့ နယူးကာဆယ်အသင်းက တန်းဆင်းဇုန်က ဝုဗ်အသင်းကို ဂိုးမရှိသရေ၊ အေဗီလာအသင်းက အဲဗာတန်အသင်းကို အိမ်ကွင်းမှာ တစ်ဂိုး၊ ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကိုတွေ့ရပါတယ်။ ဒုတိယ နယူးကာဆယ်အသင်းအနေနဲ့ ကြားရက်မှာ ချန်ပီယံလီဂ်ပွဲစဉ်အဖြစ် နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းကို သုံးဂိုးပြတ်နဲ့ နိုင်ပွဲရယူခဲ့ပြီး နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ အခွင့်အရေးကောင်းတွေပြန်လည်ပိုင်ဆိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ လက်ရှိမှာ ပြိုင်ပွဲအသီးသီးအတွက် ပါဝင်ယှဉ်ပြိုင်ကစားနေတာဖြစ်လို့ အခုလို ပရီးမီးယားလီဂ်ပြိုင်ပွဲအတွက် သက်ရောက်မှုရှိလာနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။ ဒုတိယ ကစားသမားတွေရဲ့ပွဲပန်းမှုရှိလာနိုင်တဲ့အပြင် လက်ရှိသူတို့အသင်းရဲ့ခြေစွမ်းပိုင်းမတည်ငြိမ်မှုတွေကြောင့် အခုပွဲစဉ်မှာ အေဗီလာအသင်းကို အသာစီးရယူကစားနိုင်ဖို့တော့ ခက်ခဲနေမှာပါ။

အေဗီလာအသင်းကလဲ ပရီးမီးယားလီဂ်ပွဲစဉ် ၂၂ ပွဲ ယှဉ်ပြိုင်ကစားထားပြီး ၁၃ ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေသလို သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းအကောင်းဆုံးအသင်းဖြစ်တယ်လို့ဆိုရမှာပါ။ ယူရိုပါလိဂ်ပြိုင်ပွဲမှာ အုပ်စုအဆင့်(၂)နေရာကနေ နောက်တစ်ဆင့်ကိုတက်ရောက်သွားနိုင်ပြီဖြစ်သလို အက်ဖ်အေဖလားပြိုင်ပွဲမှာလဲ စပါးအသင်းကိုအနိုင်ရယူကစားနိုင်စွမ်းရှိခဲ့တာကြောင့် သူတို့အသင်းရဲ့ လက်ရှိတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ပြီးခဲ့တဲ့ယူရိုပါလိဂ်အုပ်စုပွဲစဉ်မှာဆိုရင် ဖီနာဘာချီအသင်းကို အဘက်ဘက်ကတန်ပြန်ဖိအားပေးကစားနိုင်ခဲ့ပြီး တစ်ဂိုး၊ ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာပါ။ ဒုတိယ သူတို့အသင်းရဲ့အဓိကကစားသမားတွေအနေနဲ့ ဝေါ့ကင်း၊ ရိုဂျာ၊ ဆန်ချီတို့ စွမ်းဆောင်ရည်အကောင်းဆုံးပုံစံမှာရှိနေတာဖြစ်လို့ အခုပွဲစဉ်မှာ အိမ်ရှင်နယူးကာဆယ်အသင်း ရလဒ်ကောင်းဖို့ ခက်ခဲအုံးမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာရနေတဲ့ အေဗီလာအသင်းကိုပဲ အားပေးရမှာပါ။

နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

နယူးကာဆယ်	၄	-	၃	လိဒ်စ်
နယူးကာဆယ်	၃	-	၃	ဘုန်းမောက်
နယူးကာဆယ်	၀	-	၂	မန်စီးတီး
ဝုဗ်	၀	-	၀	နယူးကာဆယ်
နယူးကာဆယ်	၃	-	၀	ပီအက်စ်ဗွီ

အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အေဗီလာ	၃	-	၁	နော်တင်ဟမ်
ပဲလေ့စ်	၀	-	၀	အေဗီလာ
စပါး	၁	-	၂	အေဗီလာ
အေဗီလာ	၀	-	၁	အဲဗာတန်
ဖီနာဘာချီ	၀	-	၁	အေဗီလာ

အေစီမီလန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ

နောက်ထပ်စိတ်ဝင်စားမိတဲ့ပွဲစဉ်ကတော့ စီးရီးအေပွဲစဉ်(၂၂)အဖြစ် ယှဉ်ပြိုင်ကစားလာမဲ့ ရိုးမားနဲ့ အေစီမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ နိုင်ပွဲအသီးသီးရရှိခဲ့ကြသလို လက်ရှိမှာလဲ နှစ်သင်းစလုံးခြေစွမ်းပိုင်းထက်မြက်မှုရှိနေတယ်လို့ဆိုရမှာပါ။ ရိုးမားအသင်းအနေနဲ့ စီးရီးအေအမှတ်ပေးဇယားမှာ အဆင့်(၄)နေရာမှာ ရပ်တည်နေသလို ဒီရာသီမှာ သူတို့အသင်းအနေနဲ့ ပွဲစဉ် ၂၁ ပွဲကစားထားပြီး ၁၄ ပွဲနိုင်၊ ခုနစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ သူတို့အသင်းဟာ အဆင့်(၃)နေရာက နာပိုလီအသင်းနဲ့ တစ်မှတ်သာ ကွာဟနေသလို အဆင့်(၅)နေရာက ဂျူဗင်တပ်အသင်းနဲ့လဲ ရမှတ် ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် လက်ရှိဘောလုံးရာသီ ဒုတိယ အကျော့ပွဲစဉ်တွေကို အာရုံစိုက်ကစားနေတယ်လို့ ဆိုရမှာပါ။ ဒါကြောင့် စီးရီးအေနောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ လက်ချီ၊ ဆက်ဆူလို၊ တိုရီနို အသင်းတို့ကို ဂိုးပြတ်နဲ့အနိုင်ရယူကစားထားနိုင်ပါတယ်။

အေစီမီလန်အသင်းကတော့ စီးရီးအေပွဲစဉ် ၂၁ ပွဲယှဉ်ပြိုင်ကစားပြီး ချိန်မှာ ၁၃ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိထားပြီးရမှတ် ၄၆ မှတ်နဲ့ အဆင့်(၂)နေရာမှာရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ အဆင့်(၁) နေရာက အင်တာမီလန်အသင်းကို ရမှတ်သုံးမှတ်အကွာနဲ့ ဖိအားပေးကစားနေတာကြောင့် စီးရီးအေနောက်ဆုံးခြောက်ပွဲဆက်မှာ လေးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ရရှိထားတာကို တွေ့ရပါတယ်။ ဒုတိယ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အဝေးကွင်းပွဲစဉ် ၁၀ ပွဲကစားထားပြီး ခြောက်ပွဲနိုင်၊ လေးပွဲသရေနဲ့ ရှုံးပွဲမရှိထားတာကြောင့် အဝေးကွင်းခြေစွမ်းပိုင်း အကောင်းဆုံးပုံစံမှာရှိနေတယ်လို့ ဆိုရမှာပါ။ လက်ရှိစီးရီးအေပြိုင်ပွဲရဲ့ အဆင့်(၁)မှ အဆင့်(၅)နေရာထိ ရမှတ်ပြတ်သားနိုင်ခြင်းမရှိတာကြောင့် အေစီမီလန်အသင်းအတွက် အမှတ်ပေးချန်ပီယံမျှော်လင့်ခွင့်ရှိနေလို့ အခုပွဲစဉ်မှာလဲ ရိုးမားအသင်းကို အကောင်းဆုံးပုံစံနဲ့ယှဉ်ပြိုင်ကစားလာပါလိမ့်မယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းအသာရနေတဲ့ အေစီမီလန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

လက်ချီ	၀	-	၂	ရိုးမား
ရိုးမား	၂	-	၀	ဆက်ဆူလို
ရိုးမား	၂	-	၃	တိုရီနို
တိုရီနို	၀	-	၂	ရိုးမား
ရိုးမား	၂	-	၀	စတုဂတ်

အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ကယ်ဂလီယာရီ	၀	-	၁	အေစီမီလန်
အေစီမီလန်	၁	-	၁	ဂျီနိုအာ
ဖီအိုရင်တီးနား	၁	-	၁	အေစီမီလန်
ကိုမို	၁	-	၃	အေစီမီလန်
အေစီမီလန်	၁	-	၀	လက်ချီ

ဆိုစီဒက်အသင်း နိုင်ပွဲရသွားပါလိမ့်မယ်

စပိန်လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆိုစီဒက်နဲ့ ဆဲလ်တာဗီဂိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ ပြီးခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်(၁၉)မှာ ဘာစီလိုနာအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အခုပွဲစဉ်(၂၀)မှာတော့ ဆဲလ်တာဗီဂိုအသင်းကို အိမ်ကွင်းမှာပဲ ဆက်လက်ယှဉ်ပြိုင်ကစားရမှာပါ။ သူတို့အသင်းဟာ လက်ရှိမှာ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတယ်လို့ ဆိုရမှာဖြစ်ပြီး စပိန်ကိုပါဒယ်ရေးနဲ့ လာလီဂါနောက်ဆုံးခြောက်ပွဲမှာ ရှုံးပွဲမရှိခဲ့ဘဲ သုံးပွဲနိုင်၊ သုံးပွဲသရေကျထားတာကို တွေ့ရပါတယ်။ ဆိုစီဒက်အသင်းအနေနဲ့ လက်ရှိမှာလဲ အမှတ်ပေးဇယားအဆင့်(၉)နေရာမှာ ရပ်တည်နေပြီး သူတို့အသင်းအနေနဲ့ လာမဲ့ဘောလုံးရာသီဥရောပဝင်ခွင့်အတွက် လက်ကျန်ပွဲစဉ်တွေမှာ အကောင်းဆုံးယှဉ်ပြိုင်ကစားနေတာဖြစ်ကာ နောက်ဆုံးပွဲစဉ်မှာဆိုရင် ဘာစီလိုနာလိုအသင်းကို တန်ပြန်တိုက်စစ်နဲ့ အနိုင်ရယူနိုင်ခဲ့တာကို တွေ့ရပါတယ်။

လက်ရှိဘောလုံးရာသီမှာ ပုံစံကောင်းတွေနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းကောင်းမွန်နေတဲ့ ဆဲလ်တာဗီဂိုအသင်းကလဲ အမှတ်ပေးဇယားအဆင့်(၇)နေရာမှာ ရပ်တည်နေတာပါ။ သူတို့အသင်းအနေနဲ့ ကြားရက် ယူရိုပါလိဂ်ပွဲစဉ်မှာ ပြင်သစ်ကလပ် လိုင်လီအသင်းကို အနိုင်ရယူထားပြီး နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးရှိနေသလို စပိန်လာလီဂါမှာလဲ နောက်ဆုံးသုံးပွဲဆက် အနိုင်ရယူကစားထားနိုင်တာကိုတွေ့ရပါတယ်။ ဆဲလ်တာဗီဂိုအသင်းအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ အဝေးကွင်းပွဲစဉ် ရှုံးပွဲတစ်ပွဲသာရှိထားတဲ့ထိ စွမ်းဆောင်ရည်ပိုင်းကောင်းမွန်နေတာကိုလဲ တွေ့ရပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ လာမဲ့ကြားရက်မှာ ဆားဘီးယားကလပ် ဇီဗက်ဒါအသင်းနဲ့ ယူရိုပါလိဂ် နောက်ဆုံးပွဲစဉ်ကစားရမှာဖြစ်တာကြောင့် အခုအမှတ်ပေးပြိုင်ပွဲကို အာရုံစိုက်ကစားနိုင်ပါ့မလားဆိုတာ သတိပြုရမှာပါ။ ဒုတိယ လက်ရှိမှာ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကောင်းမွန်နေတဲ့ ဆိုစီဒက်အသင်းကြောင့် ဆဲလ်တာဗီဂိုအသင်းအနေနဲ့ အခုပွဲစဉ်မှာ ရလဒ်ကောင်းဖို့ ရုန်းကန်ကစားလာရနိုင်ပါတယ်။ ဆိုစီဒက်အသင်းပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

လီဗန်တေး	၁	-	၁	ဆိုစီဒက်
ဆိုစီဒက်	၁	-	၁	အေတီကို
ဂီတာဖေး	၁	-	၂	ဆိုစီဒက်
ဆိုစီဒက်	၂	-	၂	အိုဆာဆူနာ
ဆိုစီဒက်	၂	-	၁	ဘာစီလိုနာ

ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အိုဗီဒို	၀	-	၀	ဆဲလ်တာဗီဂို
ဆဲလ်တာဗီဂို	၄	-	၁	ဗလင်စီယာ
ဆီဗီလာ	၀	-	၁	ဆဲလ်တာဗီဂို
ဆဲလ်တာဗီဂို	၃	-	၀	ဗယ်လ်ကာနို
ဆဲလ်တာဗီဂို	၂	-	၁	လိုင်လီ

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ချောင်းဦး ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၂၈၆၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၆၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ကုလားပဲဧက ၂၈၆၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၈၆၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မင်းဘူး ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် ပိုက်သင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ပိုက်သင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပိုက်သင်ကျေးရွာ၌ 5.5 KW Inverter နှင့် 7 KW ဆိုလာတပ်ဆင်ခြင်း၊ 3 Hp Submersible pump တပ်ဆင်ခြင်းနှင့် အနက်ပေ ၂၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၅၅ ဒသမ ၄၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇန်နဝါရီ ၈ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။ **ဇင်မာ**



မဘာယ်ကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ဓမ္မတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရှပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရှပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁ ၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၈၅၅၁၁၉၀၇၇

Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဝိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ ဦးဝင်းထိုက် (ဘ) ဦးစိုးဝင်း(၉/မခန(နိုင်)၂၀၄၆၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-440624624

ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀)နေ မောင်အားချင် (ဘ) ဦးအိုက်ဆမ်(၉/ပဌလ(နိုင်)၀၈၈၄၆၆)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-699574794

မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်နေ ဦးကျော်မင်းဦး(၈/စလန(နိုင်)၀၇၃၃၇၆)၏သမီး မခိုင်သီရိစင်(၅/ဆလက(နိုင်)၁၃၇၂၀၇)၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁-၅-၂၀၀၆)ဖြစ်ပါကြောင်း။

၂၁-၅-၂၀၀၆

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ်ကိုင်မြို့နယ်၊ ခန်လူးအခြေခံပညာအလယ်တန်းကျောင်း၊ သတ္တမတန်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းဝင်အမှတ်(၀၀၅၇) မဆွေဇင်မိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွန်းထွန်းဝင်း(ဖြစ်ပါကြောင်း။ ဦးထွန်းထွန်းဝင်း(၉/စကတ(နိုင်)၁၄၇၄၇၂)

ဖခင်အမည်မှန်ဖြစ်ပါကြောင်း

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၇)ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မောင်ဝေယံထက် (ကျောင်းဝင်အမှတ်-၂၅/၀၆၀) မွေးသက္ကရာဇ်(၂၀-၅-၂၀၀၉) (နှစ်ထောင့်ကိုး၊ မေ၊ နှစ်ဆယ်)၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးတင်မျိုးသက်ဖြစ်ပါကြောင်း။

ဦးတင်မျိုးသက်(၉/တသန(နိုင်)၁၃၂၈၇၆)။

ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့် အဆုတ် အတွက် အထူးကောင်းမွန်သည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ သိမ်အင်းကျေးရွာ၊ အိမ်အမှတ်(၅၂)နေ ဦးပန်းအောင် + ဒေါ်သန်းသန်းဦးတို့၏သား မောင်ကျော်မိုးထွန်း(၉/ပဌလ(နိုင်)၀၉၅၅၅၉၈)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်ကျော်မိုးထွန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်သန်းသန်းဦး(၁၂/မဘန(နိုင်)၀၂၁၄၁၈)

အဖိုးတန် ရေချိုကို ချွေတာပါ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နှစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧရာဝတီရိုးမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-စာ၀၃၃၄၄၇၊
၀၆၇-စာ၀၃၃၄၄၄
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့်လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP-Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် သြဂုတ် ၁၈ ရက်တွင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ရှစ်ဦး ပေါင်း ၁၄၉ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

> မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အမည်ခံ အဖွဲ့ဝင် တစ်ဦးကို ဆုကြေးငွေထောက်ပံ့ပေးအပ်စဉ်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်တို့ကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး မန္တလေး-မတ္တရာ-စဉ်ကူး-သပိတ်ကျင်းဆက်သွယ်ရေးလမ်းကြောင်း၊ သပိတ်ကျင်း-မိုးကုတ်ဆက်သွယ်ရေး လမ်းကြောင်းများကို အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများက ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ၁၄ ခုတို့ ဆွတ်ခူးထား

ရန်ကုန် ဇန်နဝါရီ ၂၃

ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့များရှိ အားကစားကွင်း၊ အားကစားရုံများ၌ ဆက်လက်ကျင်းပခဲ့ရာ ယနေ့တွင် မြန်မာအသင်းအနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ မျက်မမြင်ဂိုးလ်ဘော၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ မျက်မမြင်စစ်တုရင်၊ သေနတ်ပစ်၊ အလေးမနှင့် ဘိုစီယာ အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုတံဆိပ်များ အသီးသီးဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲများအပြီး (SB3) အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ညီညီလင်းထက်က ရွှေတံဆိပ်၊ ပြေးခုန်ပစ်အားကစားနည်းမှ

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

မင်းလှမြို့နယ်ရှိ ရေနံဓာတုပေဒ စက်ရုံစု(သံပရာကန်)၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်လျက်ရှိ

စာမျက်နှာ - ၂၃

အမရပူရမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သုံးသန်းကျော် ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂